မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၁၅ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရပ္ပဲ ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရပ္ပဲ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရပ္ပဲ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ယနေ့ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ်ခွန်အားတို့ဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ဆက်လက်ဦးတည် ချီတက်နေကြပြီ ဖြစ်သည်။ ပြည်ထောင်စုကြီး ခိုင်မြဲအစွန့်ရှည်စေမည့်၊ လွတ်လပ်ရေးထာဝရတည်တံ့စေမည့်၊ ဤနိုင်ငံမြေ၏ ရေ၊ မြေ သယံဇာတကောင်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်စေမည့်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ် ခိုင်မာရင့်ကျက်စေမည့် အခြေအနေကောင်းများကို အာမခံထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

မောင်ပွင့်လင်း၏ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁၅ ရက်)

မီးလောင်မှု မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်မှု အလေးထားလိုက်နာ

နွေဥတုသည် ပူပြင်းခြောက်သွေ့သောကာလဖြစ်၍ မီးလောင်မှုအဖြစ်များသဖြင့် ပြည်သူများ မီးဘေးအသိ၊ မီးဘေးသတိရှိရန် ပိုမိုလိုအပ်လာပြီ ဖြစ်သည်။

မီးလောင်မှုများကို လေ့လာကြည့်ရာတွင် ၈၂ ရာခိုင်နှုန်းကျော်သည် ပေါ့ဆမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ မီးလောင်ခြင်းကြောင့် နှစ်စဉ် ကျပ်သန်းပေါင်းရာနှင့်ချီ ဆုံးရှုံးနစ်နာခဲ့ရသည်။

နှစ်စဉ်နှစ်တိုင်း မီးလောင်မှုအဖြစ်ပွားဆုံးလများမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများ ဖြစ်သည့်အတွက် အဆိုပါလများ၌ ပြည်သူများ မီးကိုပိုမိုဂရုစိုက်ကြရမည် ဖြစ်သည်။

မီးသည်သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်သည်။ ထို့ကြောင့် မီးကိုအသုံးပြုလျှင် သတိထားကြရမည် ဖြစ်သည်။

မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ဆုံးရှုံးရသည့်အပြင် နိုင်ငံတော်၏ အဆောက်အအုံပစ္စည်းများပါ ပျက်စီးဆုံးရှုံးနိုင်သဖြင့် မီးလောင်လွယ်သောပစ္စည်းများကို သတိပြုသုံးစွဲကိုင်တွယ်ထားရှိကြရန် လိုအပ်သည်။

တစ်နေ့တခြား တိုးတက်များပြားလာသော လူဦးရေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာသဖြင့် လျှပ်စစ်နှင့် လျှပ်စစ်အသုံးအဆောင် ပစ္စည်းများကို အသုံးပြုသည့်အခါ အမြဲသတိချပ်သင့်ပြီး မီးကိုမပေါ့ဆကြရန် သတိထားကြရမည် ဖြစ်သည်။

မီးဘေးကြိုတင်ကာကွယ်သည့်အနေဖြင့် အဆင့်မြင့်အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံကြီးများ၊ ခေတ်မီရှော့ပင်းစင်တာ ဈေးဆိုင်ကြီးများ အသစ်ဆောက်လုပ်ရာတွင် အရေးပေါ်အန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာန၏ အကြံဉာဏ်များရယူပြီး ဆောင်ရွက်သင့်ပေသည်။

မိမိ၏ပေါ့ဆမှုကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးရသည်ကို သံဝေဂယူကာ မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် ပြည်သူတစ်ရပ်လုံးသာမက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အဆောက်အအုံ ဆောက်လုပ်သူများပါ ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးအနေဖြင့် မီးလောင်မှုများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို အလေးထား လိုက်နာဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ရပ်ကွက် သန္တာလမ်း အမှတ်၇၆၃နေ ဦးသီဟန်-ဒေါ်အုန်းမြင့်မိသားစုက ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက ကျောင်းတော် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူမဏ္ဍပ်ရုံကြီးတွင် (၂၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မတ် ၂၆ရက်မှ ၃၀ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

ထို့အပြင် တနင်္ဂနွေနေ့တိုင်း နံနက်၉နာရီ မှ ညနေ၄နာရီ အထိ အထိုင်စခန်း ဖွင့်လှစ်ထားရာ မည်သူမဆို လာရောက်တရားထိုင်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အလုံမြို့နယ် ဒုတိယသီရိရိပ်သာ အမှတ် ၁၅၀နေ ဦးကြူးဝိန်-ဒေါ်ရီတင်း၊ သမီး မနှင်းနှင်းဝေ၊ မပန်းယုဝေ၊ သားမောင်ကျော်မျိုးဝေမိသားစုက စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့ ပုဗ္ဗာရုံ ကျောင်းတိုက်အတွင်း ဆောက်လုပ်နေသော နှစ်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁သိန်းကို ငါးထပ်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမ ဓမ္မကထိကဗဟုဇနဟိတရေထံ ဆက်ကပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၅-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **နဂါးလမ်း**(ဒုတိယပိုင်း) ကျော်ရဲအောင်၊ နေတိုး၊ ခိုင်သင်းကြည်
- ၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၂)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသ သတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ English Usage
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၂)

စစ်တွေကောလိပ် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် မတ် ၁၄

စစ်တွေကောလိပ် ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ရက်(သောကြာနေ့) ညနေ ၆နာရီတွင် ကန်တော်ကြီး Western -park Royal Lake၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ၏ သားသမီးများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ငါးဘာသာနှင့်အထက် ဂုဏ်ထူးရသူစာရင်းများ ပေးပို့ရန်နှင့် ညစာစားပွဲ တက်ရောက်လိုသူများ ဦးဇော်အေးမောင် ဖုန်း-၅၅၃၂၅၅၊ လီလီဇံဖုန်း-၂၄၆၀၀၇၊ ကျော့မြခင် ဖုန်း-၂၅၃၉၃၂၊ မောင်မောင်ကျော် ဖုန်း ၀၉-၅၁-၇၁၉၅၁၊ တင်မြင့်ခိုင် ဖုန်း-၃၈၆၈၉၁၊ ထွန်းဝင်း ဖုန်း-၂၅၃၇၀၇၊ လှသာစိန် ဖုန်း-၂၄၃၉၀၂၊ မခိုင်ခိုင်ဇံ ဖုန်း-၅၁၀၅၂၀၊ ထွန်းရွှေသိန်း ဖုန်း-၀၉-၅၁-၂၃၁၆၆၊ သာထွန်းလှ ဖုန်း-၇၂၁၇၂၈နှင့် ကြည်ဝင်း ဖုန်း-၅၅၂၃၈၀တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၀၈ (စနေနေ့)

AM & PM

- ၇:၀၀ -၁:၀၀ MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
- ၇:၀၅ -၁:၀၅ **ကံပေါ်မှာ ဉာဏ်ဆင့်မှ နိဗ္ဗာန်ရ တရားတော်** (ဆရာတော်အရှင်ပုညာနန္ဒ)
- ၈:၀၀ - ၂:၀၀ မြိတ်မြို့ မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ ဘုရားဖူး လေ့လာရေးခရီးစဉ် (အပိုင်း-၁)
- ၈:၄၀ - ၂:၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၀၅ -၃:၀၅ မျှော်စင်ကျွန်းမှ ကျောက်ကျောလေးများ
- ၉:၂၀ - ၃:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၀ -၃:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ -၃:၃၅ မိဘမဲ့ကလေးများအတွက် ရန်ပုံငွေဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲ
- ၉:၅၀ -၃:၅၀ ဒေါက်တာချစ်ငယ် (ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ(၂) (နေပြည်တော် တပ်ကုန်း)
- ၁၀:၁၀ -၄:၁၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၀:၁၅ -၄:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ - ၄:၂၀ လန်းဆန်းတက်ကြွ လူငယ်ဘဝ (ကောင်းခန့်နှင့် တွေ့ဆုံခြင်း)
- ၁၀:၄၀ -၄:၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၅ -၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၅ -၄:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ -၅:၀၀ Summer Time
- ၁၁:၂၀ - ၅:၂၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၁:၂၅ - ၅:၂၅ စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
- ၁၁:၄၅ -၅:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၅ -၅:၅၅ တစ်ပတ်အတွင်း အားကစားသတင်း
- ၁၂:၁၀ -၆:၁၀ လွင်မိုးခရီးသွားနေသည် (အပိုင်း-၇)
- ၁၂:၄၀ -၆:၄၀ စားချင်စဖွယ် နည်းအသွယ်သွယ် (နို့ပေါင်မုန့်)
- ၁၂:၅၅ -၆:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ -၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Derby - Man Utd.	ESPN (Live)
၉:၂၅	Liverpool - Reading	Star Sports (Live)
၁၁:၄၀	Arsenal - Middlesbrough	Star Sports (Live)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Roma - AC Milan	5 - Cartoon (Live)

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ တစ်ဘဝသာသနာ ရေးသားပြုစုရန်စီစဉ်နေ

ရန်ကုန် မတ် ၁၄

ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ တစ်ဘဝ သာသနာ ထေရုပ္ပတ္တိကထာကို မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၏ တာဝန်ပေးချက်အရ ဆရာကျော်နန္ဒအောင်(ဝိပဿနာ ရှုနည်းများပူဇော်သူ)က ရေးသားပြုစုရန် စီစဉ်လျက်ရှိသည်။

သို့ပါ၍ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများနှင့် ဆက်နွယ်သော ဓာတ်ပုံ၊ စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာနှင့် တိပ်ခွေများကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်၁၆တွင် တည်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဖုန်း-၅၄၅၆၁၈၊ ၅၄၁၉၇၁၊ ဖက်(စ်) ၂၈၉၉၆၀၊ ၂၈၉၉၆၁၊ သံကြိုးလိပ် မဟာစည်၊ e-mail-mahasi-yng@mptmail.net.mm, Website-www.mahasi-org-mm တို့သို့ ဆက်သွယ်ပေးပို့ ငှားရမ်းလှူဒါန်းတော်မူကြပါရန် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

* ***ရှေ့ဖုံးမှ***

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၈ ရက် နံနက် ၉ နာရီက ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြက ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကယားပြည်နယ်ကော်မရှင် အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅–၃–၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်)
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ တေးဂီတအစီအစဉ်
၈:၁၀ ၆။ သင်ပုန်းရေလှောင်တမံ
၈:၂၀ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီး ဆွန်ကြီး** (အပိုင်း–၁၃)
၁၃:၁၅ ၆။ **ရှင်သန်ခြင်း** မင်းဟိဏ်း၊ဆုပန်ထွာ၊ဖိုးဖြူ၊ ခင်စိုးပိုင်၊ကြည်စိုး၊သန်းသန်းစိုး (ဒါရိုက်တာ–အောင်မိုး၊ ပဲရစ်)
၁၃:၃၅ ၇။ အဆိုပြိုင်ပွဲ
၁၃:၄၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၀၀ ၉။ တေးဂီတအစီအစဉ်
၁၄:၁၅ ၁၀။ အတီးပြိုင်ပွဲ
၁၄:၃၀ ၁၁။ အရာတော်ရေလှောင်တမံ
၁၄:၄၅ ၁၂။ International News
၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၁၆:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅)ခုနှစ်
၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
၁၇:၁၅ ၇။ မြန်မာ့ဓလေ့ ရိုးရာလက်ဇွဲ့
၁၇:၃၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၁၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလှုရှာမယ်၊ လှုကမ္ဘာဝယ်
၁၉:၀၀ ၁၂။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၁၅ ၁၃။ **တစ်သက်စာ** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
၁၉:၄၅ ၁၄။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၉)

တောင်ကြီးကောလိပ်နှင့်ဒေသကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

တောင်ကြီးကောလိပ်နှင့် တောင်ကြီးဒေသကောလိပ်တွင် (၁၉၇၅–၇၆မှ ၁၉၈၁–၈၂)ခုနှစ်အထိ တက်ရောက်ခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံ ညစာစားပွဲကို မေ ၁၉ရက် (တနင်္လာနေ့) (ကဆုန်လပြည့်နေ့) ညနေ ၄နာရီတွင် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့ မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမများ တက်ရောက်ကြပါရန်နှင့် တောင်ကြီးမှ ကိုစံလင်း ဖုန်း–၀၉–၅၁၁၈၄၄၅၊ ၂၃၄၆၉၊ ကိုထွန်းအေး (တံပွား)ဖုန်း–၀၉–၅၂၁၀၄၂၅၊ ကိုခင်မောင်ရွှေ ဖုန်း–၀၉–၅၂၁၃၈၀၇၊ ရန်ကုန်မှ ကိုထွန်းမြင့်လော ဖုန်း–၀၁–၂၁၀၃၉၃၊ ကိုအောင်ကျော်မိုး ဖုန်း ၀၁–၅၄၂၃၆၂၊ စိုင်းအောင်မြင့်ခိုင် ဖုန်း–၀၁–၆၈၂၈၄၃၊ မန္တလေးမှ ကိုဝင်းထွန်း ဖုန်း–၀၉–၂၀၀၃၉၁၅၊ ၈၀၆၁၃၊ ဒေါက်တာမခင်သက်ဝေ ဖုန်း–၀၉–၂၀၀၉၃၈၂၊ ကျိုင်းတုံ/တာချီလိတ်မှ ကိုအလီ ဖုန်း–၀၉–၅၂၅၀၇၇၅၊ ၂၁၇၇၅၊ မညွှန့်ညွှန့်သိန်း ဖုန်း–၀၈၄–၂၁၃၆၃၊ လားရှိုးမှ မမော်လီခြူး ဖုန်း–၀၉–၅၁၁၁၄၆၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

ဂျပန် လလေ့လာရေးယာဉ်မှပို့သော ဗီဒီယိုမှတ်တမ်း

ပထမဆုံးအကြိမ်အဖြစ် ထုတ်လွှင့်ပြသ

ဟူစတန် မတ် ၁၄

ဂျပန်နိုင်ငံ၏ လစူးစမ်းလေ့လာရေး အာကာသယာဉ်က ရိုက်ကူးခဲ့သော ဗီဒီယိုမှတ်တမ်းကို ကမ္ဘာမြေသို့ပြန်လည်ပေးပို့လိုက်ပြီဖြစ်ကြောင်း မတ် ၁၃ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆယ်လီနီအမည်ရှိ ဂျပန်လစူးစမ်းလေ့လာရေး အာကာသယာဉ်သည် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက လကမ္ဘာသို့ ရောက်ရှိနေခဲ့သည်။ ယင်းအာကာသယာဉ်တွင် အလွန်ကြီးမားသော အိတ်ချ်ဒီတီဗီ ကင်မရာကြီး တပ်ဆင်ထားသည်။

အသေးစိတ်

အဆိုပါ အာကာသယာဉ်သည် လမျက်နှာပြင်၏အထက် ကီလိုမီတာ ၁၀၀ အကွာမှ ဝဲပျံလျက် လမျက်နှာပြင်ကို အသေးစိတ် ရိုက်ကူးထားသည်ဟု ဆိုသည်။

ထုတ်လွှင့်ပြသ

ယင်းဗီဒီယိုမှတ်တမ်းကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ လနှင့် ဂြိုဟ်များဆိုင်ရာ သိပ္ပံညီလာခံ၌ ထုတ်လွှင့် ပြသခဲ့သည်။



ရိုက်ကူးထား

ယင်းမှတ်တမ်း ဗီဒီယိုတွင် လမျက်နှာပြင်၏ ရေပြင်ညီအနေအထား၌ မြင့်တက်နေသော ကမ္ဘာမြေ၏ ပုံများကိုလည်း အံ့သြဖွယ်ရိုက်ကူးထားသည်ကို တွေ့ရသည်။

ပြောကြား

ဆယ်လီနီ အာကာသယာဉ်တွင် အဓိကယာဉ်နှင့် အရန်ယာဉ်များဖြစ်သည့် အိုနာနှင့်အိုကီနာ ယာဉ်ငယ်နှစ်ခု ပါရှိသည်။ ယင်း အာကာသယာဉ် လကမ္ဘာသို့ ရောက်ရှိနေခြင်းသည် ဂျပန် အာကာသသိပ္ပံအတွက် ထူးခြားသည့် အောင်မြင်မှုခြေလှမ်းတစ်ရပ်ပင် ဖြစ်ကြောင်း အဆိုပါအာကာသယာဉ် လွှတ်တင်ရေး မစ်ရှင်မှ သိပ္ပံဆိုင်ရာ မန်နေဂျာပါမောက္ခ မာနာဘူကာတိုက ပြောကြားသည်။

(အင်တာနက်)

လမျက်နှာပြင်

ဂျပန် လစူးစမ်းလေ့လာရေး ယာဉ်တွင် တပ်ဆင်ထားသော ကင်မရာဖြင့် လမျက်နှာပြင်ကို ကီလိုမီတာ ၁၀၀ အကွာမှ ရိုက်ကူးထားသည့် ပုံရိပ်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

နီပေါဝန်ကြီးချုပ် ခိုရာလာ နိုင်ငံရေးလောကမှအနားယူရန် ကြေညာ

ခတ္တမန္ဒူ မတ် ၁၄

နီပေါဝန်ကြီးချုပ်နှင့် နီပေါကွန်ဂရက်(အင်န်စီ)ဥက္ကဋ္ဌ ဂိရီဂျာပရာဆက် ခိုရာလာက ၎င်းအနေဖြင့် ဧပြီလ ရွေးကောက်ပွဲပြီးလျှင် နိုင်ငံရေးလောကမှ အနားယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို ဒေသဆိုင်ရာ မီဒီယာများက မတ်၁၃ရက်၌ ဖော်ပြသည်။

လည်ပတ်

ဝန်ကြီးချုပ်ခိုရာလာသည် နီပေါနိုင်ငံအရှေ့ပိုင်း ဇာတိမြို့ဖြစ်သည့် ဘီရက်နာဂါသို့ လေးရက်ကြာခရီးအဖြစ် သွားရောက်လည်ပတ်ပြီး မြို့တော်ခတ္တမန္ဒူသို့ အပြန် လေဆိပ်၌ သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ဆင့်ကမ်း

ခိုရာလာက ၎င်းအနေဖြင့် နီပေါကွန်ဂရက်ခေါင်းဆောင် တာဝန်ကိုလည်း နိုင်ငံရေးသမား လူငယ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုက်သည်။

ပြောကြား

လာမည့်ရွေးကောက်ပွဲသည် ၎င်းအတွက် နောက်ဆုံးဖြစ်ကြောင်း၊ မိမိသည် အသက်အရွယ်ရလာပြီဖြစ်ကြောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်သုံးဦး ဒုံးကျည်ထိမှန်၍ သေဆုံး

ဘဂ္ဂဒက် မတ် ၁၄

အီရတ်နိုင်ငံ နာဆီရီယာမြို့အရှေ့တောင်ပိုင်း၌ မတ် ၁၂ရက်က အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်ရာ အခန်းတစ်ခန်းကို ဒုံးကျည်လာရောက် ထိမှန်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

ဒဏ်ရာရ

ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

နာဆီရီယာမြို့သည် ဘဂ္ဂဒက်မြို့အရှေ့တောင်ဘက် ၂၃၅မိုင်အကွာ၌ တည်ရှိသည်။ ထိုမြို့အနီး၌ မတ် ၁၁ရက်က အမေရိကန် စစ်ယာဉ်တန်းကို ပစ်မှတ်ထားလျက် လမ်းဘေးပုံးထောင် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ဘတ်စ်ကားတစ်စီး ပုံးနင်းမိပြီး ပေါက်ကွဲသွားရာ ၁၆ဦး သေဆုံးခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့နှင့် ဆေးရုံဝန်ထမ်းများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗြိတိန်တောင်ပိုင်း ကမ်းရိုးတန်းဒေသ၌ ရေလွှမ်းမိုး

ဗြိတိန်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများ၌ မတ် ၁၃ရက်က တစ်နာရီ မိုင်၈၀နှုန်းရှိသော လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဆောက်သမ်ပတန်မြို့အနီး ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေသည်ကို ဤသို့တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

အစ္စရေးတို့ တိုက်ခိုက်မှု ပါလက်စတိုင်း စစ်သွေးကြွလေးဦး သေဆုံး

ဘက်လီဟမ်း(အနောက်ဘက်ကမ်း) မတ် ၁၄

အစ္စရေးကွန်မန်ဒိုတပ်ဖွဲ့ဝင်များက မတ် ၁၃ရက်၌ အနောက်ဘက်ကမ်းဒေသတွင် ပါလက်စတိုင်း စစ်သွေးကြွလေးဦးကို ပစ်သတ်လိုက်ရာ ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံး

ယင်းပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသဆိုင်ရာ အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦး အပါအဝင် အစ္စလမ္မစ်ဂျီဟတ်အဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်း လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီကွေဒေါနိုင်ငံ မြို့တော်ကွီတို၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၀၀အကွာ ပေါ်တိုဗီဂျို-ပီချင်ချာ အဝေးပြေး လမ်းမကြီးပေါ်တွင် မတ် ၁၁ရက်က မြေပြိုမှုဖြစ်ပွားပြီးနောက် ကားတစ်စီးထိုးကျနေသည့် မြင်ကွင်းကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား ရေနံတိုးမြှင့်ထုတ်လုပ်

ဂျကာတာ မတ် ၁၄

အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းမြင့်တက်နေမှုကြောင့် ရေနံတိုးမြှင့် ထုတ်လုပ်မည်ဖြစ်ကြောင်းအင်ဒိုနီးရှားအရာရှိများက မတ် ၁၄ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှား၌ လက်ရှိရေနံ တွင်း ၃၁တွင်း တူးဖော်ထုတ်လုပ် နေရာ တစ်နေ့လျှင် ရေနံစည် ၉၅၄၀၀၀ ထုတ်လုပ်လျက်ရှိသည်။ ထိုပမာဏမှာ ၂၀၀၆ ခုနှစ်ကထက် ရေနံထုတ်လုပ်မှု လျော့နည်းနေသည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် လာမည့်နှစ်၌ တစ်နေ့ ရေနံစည် ၅၈၀၀၀ ထပ်မံဖြည့်ဆည်း ထုတ်လုပ်မည်ဖြစ်သည်။

(အင်တာနက်)

ဘဝအမောပြေ

သေချာလိုက်ပုံက ...

မူလတန်းပြဆရာမတစ်ဦးက ဒုတိယတန်း ကျောင်းသားတစ်ဦးအား စာမေးလေသည်။

ဆရာမ ။ ။ ဆန်နီ ထပါ.... ကမ္ဘာကြီးက လုံးသလား၊ ပြားသလား။

ဆန်နီ ။ ။ အခုချက်ချင်း မသိနိုင်ပါဘူး ဆရာမ။

ဆရာမ ။ ။ ဘယ်လိုဖြစ်လို့လဲ။

ဆန်နီ ။ ။ ကျွန်တော်ကိုယ်တိုင် ကမ္ဘာ့အပြင်ဘက် ထွက်ကြည့်ပြီးမှ ပြောလို့ရမှာမို့ပါ။

ဆရာမ ။ ။ ''ဟေ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

15-3 (04).pmd 1 3/15/2008, 2:09 AM

ခရီးသွားတို့ပျော်စံရာ စိန့်လူစီယာနိုင်ငံ

သတင်းအကျဉ်းဆေး

စိန့်လူစီယာနိုင်ငံသည် ကာရစ်ဘီယံအရှေ့ပိုင်းဒေသတွင် တည်ရှိသည်။ ခရီးသွားလုပ်ငန်းသည် စိန့်လူစီယာနိုင်ငံအတွက် အဓိကဝင်ငွေရှာပေးသည့် လုပ်ငန်းဖြစ်ပြီး အလုပ်အကိုင်အများဆုံး ရှာဖွေပေးသည့် စီးပွားရေးလုပ်ငန်းလည်း ဖြစ်သည်။

ဖြစ်ထွန်း

ကာရစ်ဘီယံပင်လယ်ကမ်းခြေနှင့် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေများ၊ တောတောင်များ၊ ထူးခြားဆန်းပြားသော အပင်များသည်လည်းကောင်း၊ ကန့်ဓာတ်ပါဝင်သည့် ရေပူစမ်းများ ပန်းထွက်ပေးနေသော ကွာလီဘိုးမီးတောင်သည်လည်းကောင်း စိန့်လူစီနိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် သဘာဝအရင်းအမြစ်များအဖြစ် ဖြစ်ထွန်းလျက်ရှိသည်။

ထူထောင်

စိန့်လူစီယာကျွန်းကို ခရစ္စတိုဖာကိုလံဘတ်က ၁၅၀၁ ခုနှစ်တွင် တွေ့ရှိသည်။ ၁၆၃၅ခုနှစ်တွင် ပြင်သစ်က ကိုလိုနီနယ်ထူထောင်သည်။ ၁၈၁၄ ခုနှစ်တွင် ပါရီ သဘောတူ စာချုပ်အရ ပြင်သစ်က စိန့်လူစီယာ နိုင်ငံကို ဗြိတိန်လက်သို့ ထိုးအပ်လိုက်သည်။

ခေါ်ယူခဲ့

ဗြိတိန်နိုင်ငံက ဗြိတိသျှအစိုးရ တိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီအဖြစ် သတ်မှတ်ပြီး၊ ကြံ စိုက်ပျိုးရေးတွင် ခိုင်းစေရန် အာဖရိက ကျွန်များကို ခေါ်ယူခဲ့သည်။ ၁၈၃၄ ခုနှစ်တွင် ကျွန်စနစ်ဖျက်သိမ်းသည်။ ၁၉၆၄ ခုနှစ်တွင် ကြံစိုက်ပျိုးမှု ရပ်လိုက်သည်။

အုပ်ချုပ်ခွင့်ရရှိ

၁၉၆၇ ခုနှစ်တွင် စိန့်လူစီယာနိုင်ငံသည် ပြည်တွင်းရေးတွင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသည်။ နိုင်ငံခြားရေးရာနှင့် ကာကွယ်ရေးကို ဗြိတိန်ကချုပ်ကိုင်ထားသည်။

လွတ်လပ်ရေးရ

၁၉၇၉ ခုနှစ်တွင် စိန့်လူစီယာနိုင်ငံ လွတ်လပ်ရေးရသည်။ ညီညွတ်သော အလုပ်သမားပါတီ(ယူဒဗလျူပီ) ခေါင်းဆောင်ဂျွန်ကွမ်တန်ဝန်ကြီးချုပ်ဖြစ်လာသည်။ အထွေထွေရွေးကောက်ပွဲကျင်းပသောအခါ စိန့်လူစီယာ အလုပ်သမားပါတီ (အက်စ်အယ်လ်ပီ) အနိုင်ရပြီး အလန်လူစီဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၈၁ ခုနှစ်တွင် ပါတီအကွဲအပြဲဖြစ်ပြီးနောက် အလန်လူစီရာထူးမှ နုတ်ထွက်သည်။ ရှေ့နေချုပ်ဝင်စတန်စီနက် ဝန်ကြီးချုပ်တာဝန်ယူသည်။

အပြတ်အသတ်နိုင်

၁၉၈၇ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ယူဒဗလျူပီပါတီ အပြတ်အသတ်နိုင်ပြီး ဂျွန်ကွမ်တန် အာဏာပြန်ရလာသည်။၁၉၈၄ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီသည် ကပ်၍အနိုင်ရသည်။

အနိုင်ရ

၁၉၉၂ ခုနှစ်တွင်လည်း ယူဒဗလျူပီပါတီ ထပ်မံ အနိုင်ရပြန်သည်။ ၁၉၉၆ ခုနှစ်တွင် ဂျွန်ကွမ်တန်ရာထူးမှ နုတ်ထွက်သောအခါ ဗောဂန်လေဝစ်ဝန်ကြီးချုပ်ဖြစ်လာသည်။၁၉၉၇ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အက်စ်အယ်ပီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က အနိုင်ရပြီး ကင်နီအင်သိုနီဝန်ကြီးချုပ် ဖြစ်လာသည်။

အစားထိုး

၂၀၀၆ခုနှစ် ဒီဇင်ဘာအထွေထွေရွေးကောက်ပွဲတွင် ဆာဂျွန်ကွမ်တန်၏ ယူဒဗလျူပီပါတီက အနိုင်ရသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ် ဆာဂျွန်ကွမ်တန် ကွယ်လွန်သဖြင့် စတီဖင်ဆန်ကင်းက အစားထိုး တာဝန်ယူသည်။

စိုက်ပျိုး

စိန့်လူစီယာနိုင်ငံတွင်ကြံစိုက်ပျိုးမှုကို ၁၉၆၄ ခုနှစ်တွင် ရပ်ပြီးနောက် ငှက်ပျောသီး အကြီးအကျယ် တင်ပို့ရောင်းချခဲ့သည်။ ဤနိုင်ငံ၌သရက်သီးနှင့် ထောပတ်သီးများလည်း စိုက်ပျိုးအောင်မြင်သည်။

ရှာဖွေပေးနိုင်

ယခုအခါတွင် ကမ္ဘာလှည့်ခရီးသည်များ စုပြုံရောက်ရှိလာခြင်းကြောင့် ခရီးသွားလုပ်ငန်းမှာ ငှက်ပျောသီး တင်ပို့ရောင်းချရရှိသည့် ဝင်ငွေထက်ပင် နိုင်ငံခြားသုံးငွေကိုပိုမိုရှာဖွေပေးနိုင်သည်။

ပြည်သူအများစုမှာ ဗြိတိသျှတို့ ၁၉ရာစုက ခေါ်ယူခဲ့သည့် အာဖရိကကျွန်များ၏ အဆက်အနွယ်များ ဖြစ်ကြသည်။ စိန့်လူစီယာနိုင်ငံမှာ ဗြိတိသျှ ကိုလိုနီဖြစ်ခဲ့သလို၊ ၁၇ရာစုက ပြင်သစ်တို့အခြေချနေထိုင်ခဲ့မှုကြောင့် ပြင်သစ်စကားလည်း ညှပ်ပြောတတ်ကြသည်။

တိုးတက်အောင်မြင်

လူဦးရေ ၁၆၅၀၀၀ ရှိသည့် ဤနိုင်ငံတွင် အင်္ဂလိပ်ဘာသာစကားမှာ ရုံးသုံးဖြစ်ပြီး ပြင်သစ် ကိုလည်း အတန်အသင့်နားလည် သုံးနှုန်းကြသည်။

ထို့ကြောင့်ပင် ကမ္ဘာလှည့်ခရီးသည်များနှင့် ဆက်သွယ်မှုလွယ်ကူပြီး ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်နေခြင်း ဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

စိန့်လူစီယာနိုင်ငံသည် ကာရစ်ဘီယံ အရှေ့ ပိုင်းဒေသတွင် တည်ရှိသည်။ ခရီးသွား လုပ်ငန်းသည် စိန့်လူစီယာနိုင်ငံအတွက် အဓိကဝင်ငွေရှာပေးသည့် လုပ်ငန်းဖြစ်ပြီး အလုပ်အကိုင်အများဆုံး ရှာဖွေပေးသည့် စီးပွားရေးလုပ်ငန်းလည်း ဖြစ်သည်။

လမ်းဘေးဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၂၀အကွာ နာဆီရီယက်ချ်မြို့အနီးတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားတစ်စီးအား ဝန်ချီကားတစ်စီးဖြင့် ဆွဲယူနေသည်ကို မတ် ၁၁ရက်က တွေ့ရစဉ်။ (အဆိုပါ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ကားပေါ်တွင်စီးနင်းလာသူ အရပ်သား ၁၆ဦး သေဆုံးပြီး ၂၂ဦးဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှား၌ မြေပြိုမှု ငါးဦးသေဆုံး၊ နေအိမ်များပျက်စီး

ဂျကာတာ မတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်၌ မတ် ၁၄ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးခဲ့ကြောင်း ဂျကာတာမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အခင်းဖြစ်ပွားမှုမှာ အနောက် ဆူမားတြားပြည်နယ် ပါဒန်ပင်ဂျန်ကျေးရွာ၌ မတ် ၁၄ရက် မွန်းလွဲပိုင်းက ရုတ်တရက် မြေပြိုမှုဖြစ်ပွားရာ နေအိမ်သုံးလုံး ပျက်စီးပြီး ငါးဦးသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၄-၃-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်း ဈေးနှုန်းမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်း ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၀အထိ မြင့်တက်လာကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဗီယက်နမ်အလယ်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကျန့်နန်ပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုများ တွေ့ရှိရကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ထိုသို့ဖြစ်ပွားမှုကြောင့် ဒန်ဘင်ခရိုင်အတွင်း ကြက်၊ ဘဲကောင်ရေ ၃၅၀၀ ခန့်ကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အစ္စတန်ဘူလ် ဗုံးပေါက်ကွဲမှုဖြစ်ပွား

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာအများအပြား ရရှိခဲ့ကြောင်း အစ္စတန်ဘူလ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အစ္စတန်ဘူလ်မြို့ တူဇလာခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

တရုတ်ပြည်တွင်း လေကြောင်းခရီးစဉ်များ အရက်သယ်ဆောင်ခွင့်ပိတ်ပင်မည်

ပြည်တွင်းလေကြောင်း ခရီးစဉ်များ၌ အရက်များ သယ်ဆောင်မှုကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်၌ လုံခြုံရေးအထူးအစီအစဉ်များ ချမှတ်ထားပြီး ယခုအချိန်မှ စတင်ကာပြည်တွင်းလေကြောင်းခရီးသည်များ အရက်သယ်ဆောင်ခွင့် ပိတ်ပင်မည် ဖြစ်သည်။

လက်နက်များ ဂါဇာသို့ရေလမ်းမှတင်သွင်းရန်ကြိုးစား

အီရန်လုပ် ဒုံးကျည်များကို ဂါဇာမြို့အတွင်း တင်သွင်းရန်ကြိုးစားလျက်ရှိကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

ယခင်က အီဂျစ်နိုင်ငံဘက်မှ မှောင်ခိုတင်သွင်းခဲ့မှုသည် ယခုအခါ အီဂျစ်တို့က နယ်စပ်လုံခြုံရေး အထူးကြပ်မတ်ထားသည့်အတွက် မြေထဲပင်လယ်မှဖြတ်ကာ ရေလမ်းခရီးဖြင့် တင်သွင်းရန် ကြိုးစားခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးတွဲတိုက်ဖျက်ရေး ကမ္ဘောဒီးယား-စင်ကာပူ ပူးတွဲလက်မှတ်ရေးထိုး

ကမ္ဘောဒီးယားနှင့် စင်ကာပူ နှစ်နိုင်ငံတို့သည် နယ်စပ်ဖြတ်ကျော် မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများအပြင် အခြားမှုခင်းများ တိုက်ဖျက်ရေးတို့၌ နှစ်နိုင်ငံနီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

တောင်နှင့် မြောက်ကိုရီးယား ပူးတွဲစက်မှုဇုန် တည်ဆောက်မည်

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့အနေဖြင့် ပူးတွဲစက်မှုဇုန်တစ်ခု ထူထောင်နိုင်ရေး တောင်ကိုရီးယားတို့က ပြင်ဆင်လျက်ရှိသည်။

အဆိုပါပူးတွဲစက်မှုဇုန်ကို နှစ်နိုင်ငံအကြားရှိ ဟန်မြစ်၏ မြစ်ဝကျွန်းတစ်ကျွန်းပေါ်၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေး အင်ဒိုနီးရှား၌ လူရှစ်ဦးသို့ကူးစက်

အင်ဒိုနီးရှားနိုင်ငံ လမ်ပန်ပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌ ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသဖြင့် ရှစ်ဦးဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါရှစ်ဦး၌ ကလေးငယ် နှစ်ဦး၊ ဆယ်ကျော်သက်နှစ်ဦးတို့ ပါဝင်ပြီး အားလုံးမှာ ဝေလာဂါကျေးရွာ တစ်ရွာတည်းမှဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘဝဒဿန အမြင်

* ***Man is not born for happiness.***

လူသားတို့သည် ပျော်ရွှင်ရန်သက်သက် မွေးဖွားလာခြင်း မဟုတ်။

ဆင်မြူရယ်ဂျွန်ဆင်
(အင်္ဂလိပ်စာရေးဆရာ)

* ***Seek not happiness too greedily; and be not fearful of unhappiness.***

ပျော်ရွှင်မှုကို အငမ်းမရ မရှာဖွေပါနှင့်၊ စိတ်ညစ်စရာများကိုလည်း မကြောက်ရွံ့ပါနှင့်။

လောင်ရှီး
(တရုတ်အတွေးအခေါ်ပညာရှင်)

ဖလော်ရီဒါအကြိုရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ရန် သင့် မသင့် ဒီမိုကရက်တစ်အမျိုးသားကော်မတီက ဆုံးဖြတ်မည်

ဝါရှင်တန် မတ် ၁၄

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ရွေးကောက်ပွဲပြန်လည်ပြုလုပ်ရေး၊ မပြုလုပ်ရေးကို မတ်၁၇ရက်၌ ဒီမိုကရက်တစ်ပါတီတွင် ညှိနှိုင်းမှုများပြုလုပ်မည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဖလော်ရီဒါပြည်နယ်သည် ဒီမိုကရက်တစ်ပါတီ၏ခွင့်ပြုချက်မရရှိဘဲ ပြည်နယ်အကြိုရွေးကောက်ပွဲကို ဇန်နဝါရီ ၂၉ရက်က ကျင်းပခဲ့သည့်အတွက် ဒီမိုကရက်တစ်သမ္မတလောင်း အပြီးသတ်ရွေးချယ်မည့် ပါတီညီလာခံတွင် ကိုယ်စားလှယ်လွှတ်ပြီး မဲဆန္ဒပေးခွင့် ဆုံးရှုံးခဲ့ရသည်။

စောင့်မျှော်

ဖလော်ရီဒါပြည်နယ်ရှိ ဒီမိုကရက်များက အကြိုရွေးကောက်ပွဲ ပြန်လည်ကျင်းပရေးအစီအစဉ်နှင့် ပတ်သက်ပြီး

ဒီမိုကရက်တစ်ပါတီပြိုင်ဘက်များ ဖြစ်သည့် ဟီလာရီကလင်တန်၊ အိုဘားမားနှင့် နိုင်ငံလုံးဆိုင်ရာပါတီ ခေါင်းဆောင်များထံမှ ဖွင့်ဟပြောကြားမှုများကို စောင့်မျှော်လျက် ရှိသည်။

အဆိုပြု

ဖလော်ရီဒါပြည်နယ်ရှိ ဒီမိုကရက်တစ်များက ဇန်နဝါရီ၂၉ရက်၌ ကျင်းပခဲ့သည့် အကြိုရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြဿနာဖြစ်မှုကို ဖြေရှင်းသည့်အနေဖြင့် အကြိုရွေးကောက်ပွဲပြန်လည်ကျင်းပရန် ၎င်းတို့က အဆိုပြုထားခြင်းဖြစ်သည်။

ယူဆ

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဟီလာရီကလင်တန်က ပြောကြားရာတွင် မိမိအမြင်အရ ရွေးချယ်ရန်နည်းလမ်း နှစ်ခုရှိကြောင်း၊ တစ်ခုမှာ ပေးပြီးသော မဲအရေအတွက်ကို လက်ခံရန်နှင့် နောက်တစ်ခုမှာ အကြို ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် ဖြစ်ကြောင်း၊ ဤနည်းလမ်းနှစ်ခုမှ အပ အခြားဖြေရှင်းရန် နည်းလမ်းမရှိဟု ယူဆကြောင်း ဟီလာရီကလင်တန်က ပြောကြား သည်။

ခံယူမည်

တစ်ဖန်အိုဘားမားကလည်း ဤမျှအချိန်တိုအတွင်း ပြန်လည်မဲပေးရလျှင် တိကျမှုတမှု ရှိ မရှိ စိုးရိမ်မိကြောင်း၊ သို့သော်လည်း ဒီမိုကရက်တစ် အမျိုးသား ကော်မတီ (ဒီအင်န်စီ)၏ အဆုံးအဖြတ်ကို ခံယူမည်ဟု ပြောကြားသည်။

အပြတ်အသတ်

ပြီးခဲ့သည့်ဇန်နဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သော ဖလော်ရီဒါပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဟီလာရီက အပြတ်အသတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကင်ညာရှိ ရာပေါင်းများစွာသော ပြည်သူများ ဓာတုဗေဒအဆိပ်မိ၍ နာမကျန်းဖြစ်နေကြ

နိုင်ရိုဘီ မတ် ၁၄

ကင်ညာနိုင်ငံ မွမ်ဘာဆာဆိပ်ကမ်း၌ ဓာတုဗေဒပစ္စည်းများထည့်သည့် ကွန်တိန်နာမှ ဓာတုအဆိပ်ငွေ့များ ယိုစိမ့်ခဲ့သဖြင့် လူရာပေါင်းများစွာတို့ ဆိုးရွားသောအနံ့တစ်မျိုးရှူရှိုက်မိကာ နာမကျန်းဖြစ်နေကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ကုမ္ပဏီအေးဂျင့်နှစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်ဟု ဆိုသည်။

အရည်များယိုဖိတ်

အဆိုပါ ကွန်တိန်နာများကို လွန်ခဲ့သောလတွင် ထရပ်ကားယာဉ်မောင်းတစ်ဦးက အရည်များယိုဖိတ် ကျနေစဉ် စွန့်ပစ်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းအဖြစ်အပျက်နှင့် ပတ်သက်ပြီး မွမ်ဘာဆာ၌ နေထိုင်သူအမျိုးသမီးနှစ်ဦးက အဆိပ်သင့်ခံရပြီး ကိုယ်ဝန်ပျက်ကျခဲ့သဖြင့် သက်ဆိုင်ရာသို့ တိုင်တန်းမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

အသက်ရှူကျပ်

အခြားနေထိုင်သူ အချို့မှာလည်း အသက်ရှူကျပ်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်နာဗိုက်အောင့်ဖြစ်ခြင်းတို့ကြောင့် တိုင်တန်းခဲ့သည်ဟု ဆိုသည်။

ယင်းကွန်တိန်နာများသည် နိုက်ထရစ်အက်စစ်များ ထည့်ထားသည့် ကွန်တိန်နာများဖြစ်ကြောင်း ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်မှ ကန်တပ်ဖွဲ့ဝင်များပစ်သည့် အမြောက်ကျည်များ ပါကစ္စတန်နယ်စပ် ကျေးရွာပေါ်ကျ၍ လေးဦးသေဆုံး

အစ္စလမ္မာဘတ် မတ် ၁၄

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် အမြောက် ကျည်ဆန်များ ပါကစ္စတန် နယ်စပ်အတွင်း ကျရောက်ခဲ့သဖြင့် အမျိုးသမီးနှစ်ဦးနှင့် ကလေးနှစ်ဦး သေဆုံးခဲ့သည်ဟု ပါကစ္စတန်တပ်ဖွဲ့များက အမေရိကန်တပ်ဖွဲ့များအား ဝေဖန်ပြောကြားလိုက်သည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့များက ပစ်ခတ်လိုက်သော အမြောက် ကျည်ဆန်ငါးလုံး ဝါဇီရီစတန်ပြည်နယ် မြောက်ပိုင်း၌ ကျရောက်ခဲ့ကြောင်း ပါကစ္စတန်ဗိုလ်ချုပ် အတာအဘတ်စ်က ပြောကြားလိုက်သည်။

ပေါက်ကွဲ

အာဖဂန်နစ္စတန် နိုင်ငံအတွင်းမှ အမေရိကန်တပ်ဖွဲ့များ ပစ်ခတ်လိုက်သော အမြောက်ကျည်ဆန် တစ်လုံး ယင်းပြည်နယ်ရှိ ကန်ဂရိုင်းကျေးရွာပေါ်သို့ တည့်တည့်ကျရောက် ပေါက်ကွဲခဲ့ကြောင်း ပါကစ္စတန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် ဘာဂျာဒေသ၌ လူပေါင်း ၂၀၀၀ ခန့် လမ်းများပေါ်ထွက်၍ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။ **(အင်တာနက်)**

ဟောင်ကောင်၌ တုပ်ကွေးဖြစ်ပွား ကျောင်းများအားလုံး ပိတ်ထားရ

ဟောင်ကောင် မတ် ၁၄

ဟောင်ကောင်၌ ကြက်ငှက် တုပ်ကွေးဖြစ်ပွားနေ၍ မတ် ၁၃ရက်မှစ၍ အစိုးရက ကျောင်းများနှစ်ပတ်ကြာပိတ်လိုက်သဖြင့် ကျောင်းသားကျောင်းသူ သန်းဝက်ကျော် နေအိမ်များ၌ နေထိုင်နေရကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

စမ်းသပ်တွေ့ရှိ

လွန်ခဲ့သော နှစ်ပတ်ကျော်က အသက်နှစ်နှစ်၊ သုံးနှစ်နှင့် ခုနစ်နှစ်အရွယ်ရှိ ကလေးသုံးဦး ယင်းရောဂါဖြင့် သေဆုံးခဲ့သည်ကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း၊ အခြား ကလေးနှစ်ဦးမှာလည်း ဆေးရုံတင်ပို့ ထားရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ပြောကြား

သို့သော်လည်း H_5N_1ရောဂါပိုးနှင့် ဆက်နွှယ်သော ခြိမ်းခြောက်မှုမရှိကြောင်း၊ ကျောင်းများကို မတ်၁၂ရက်မှစ၍ ပိတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကျန်းမာရေးဌာန အတွင်းရေးမှူး ယော့ချောက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် မတ်၁၃ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ယင်းဗုံးခွဲ တိုက်ခိုက်မှုတွင် အရပ်သား ခြောက်ဦးသေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိသွားခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

အင်ဒီးဗားလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးများကို မတ်၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒီးဗား အာကာသလွန်းပြန်ယာဉ် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်

ဟူစတန် မတ် ၁၄

အမေရိကန် အာကာသလွန်းပြန်ယာဉ် အင်ဒီးဗားသည် မတ် ၁၂ရက်က နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်မိသွားပြီဖြစ်သည်။

ယင်းလွန်းပြန်ယာဉ်သည် မတ် ၁၁ရက်က ဖလော်ရီဒါ ပြည်နယ် ကနေဒီ အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ လွန်းပြန်ယာဉ် လွှတ်တင်လိုက်ပြီး မကြာမီ လေထုထဲတွင် အပိုင်းအစတစ်ခု သို့မဟုတ် ငှက်တစ်ကောင်နှင့် လွန်းပြန်ယာဉ် ထိပ်ဦးပိုင်းတို့ တိုက်မိကြရာ အပူခံပြားထိခိုက်မှုဖြစ်ခဲ့သည်ဟု ဆို၏။ ယင်းပျက်စီးမှုကို ကင်မရာနှင့် လေဆာ တပ်ဆင်ထားသော စက်ရုပ်လက်တံဖြင့် ပြုပြင်ခဲ့ကြောင်း နာဆာအဖွဲ့က ပြောကြားသည်။

ဗီဒီယိုရိုက်ကူး

ယင်းထိခိုက်သွားသော နေရာကို ဗီဒီယိုရိုက်ကူး၍ သေချာအောင် ထပ်မံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နာဆာ ကျွမ်းကျင်သူများက ပြောကြားသည်။

စခန်းချ

အင်ဒီးဗား လွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း၌ ၁၂ ရက်ကြာ စခန်းချနေထိုင်ရန် စီစဉ်ထားသည်။ ယင်းလွန်းပြန်ယာဉ်နှင့်အတူ အာကာသယာဉ်မှူး ခုနစ်ဦး လိုက်ပါသွားသည်။

စစ်ဆေး

အဆိုပါ အာကာသယာဉ်နှင့် အတူ ဂျပန်နိုင်ငံ၏ ပထမဆုံးသော ကီဘိုဓာတ်ခွဲခန်း အစိတ်အပိုင်းများနှင့် ဒက်ထရေးဟုခေါ်သော ကနေဒါစက်ရုပ်သစ်တစ်ခု ပါသွားသည်။ ယင်းစက်ရုပ်ဖြင့် နိုင်ငံတကာ အာကာသစခန်း ပြင်ပစက်ပိုင်း အခြေအနေများကို အသေးစိတ်စစ်ဆေးသွားမည်ဟု ဆိုသည်။

ကီဘို၏ အဓိပ္ပာယ်မှာ မျှော်လင့်ချက်ဟု အဓိပ္ပာယ်ရသည်။ ဂျပန်နိုင်ငံက ယင်းအာကာသ စခန်းအတွက် အမေရိကန် ဒေါ်လာဘီလီယံ ၁၀၀ ထောက်ပံ့ ကူညီမည် ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဖလော်ရီဒါပြည်နယ်၌ လေယာဉ်ပျက်ကျ

ဝါရှင်တန် မတ် ၁၄

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မာတင်စီရင်စုတွင် မတ် ၁၄ ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်၌ လိုက်ပါလာသူ လေးဦးစလုံး သေဆုံးခဲ့ကြောင်း ဖလော်ရီဒါ ရဲတပ်ဖွဲ့ကပြောကြားသည်။

ထိုလေယာဉ်မှာ အင်ဂျင်ချွတ်ယွင်းပြီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရဲတပ်ဖွဲ့က ဆက်လက် ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အင်တာနည်းပြ မော်ရင်ဟို ဖြစ်လာမလား

မီလန် မတ် ၁၄

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာ လီဗာပူးကို အဝေးကွင်း၊ အိမ်ကွင်း နှစ်ကျော့စလုံးရှုံးပြီး ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခဲ့ရတဲ့ အင်တာမီလန်အသင်းနည်းပြ မန်စီနီက ဒီနှစ်ဘောလုံးရာသီကုန်ရင် နည်းပြအဖြစ်က နုတ်ထွက်တော့မယ်လို့ တရားဝင်ပြောကြားလိုက်တာကြောင့် အင်တာမီလန်နည်းပြနေရာကို မော်ရင်ဟို ရောက်ရှိကိုင်တွယ်တော့မှာဖြစ်ကြောင်း သတင်းတွေ ထွက်ပေါ်လာပါတယ်။

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို

အစားထိုး

အရင်ကတည်းက မော်ရင်ဟိုကို အင်တာမီလန်မှာ နည်းပြလုပ်ဖို့ ပိုင်ရှင်ဖြစ်တဲ့ မာစီနိုမိုရက်တီက ဆွေးနွေးခဲ့တာဖြစ်လို့ အခုလို မော်ရင်ဟိုနဲ့ အစားထိုးမယ်ဆိုတဲ့ သတင်းတွေ ပေါ်ထွက်လာတာပဲဖြစ်ပါတယ်။

ဆွေးနွေး

မော်ရင်ဟိုဟာ ၂၀၀၇ခုနှစ် စက်တင်ဘာလက ချယ်လ်ဆီးအသင်း နည်းပြကနေပြီး ထွက်ခဲ့တဲ့နောက်ပိုင်းမှာ ဘယ်ကလပ်ကိုမှ တာဝန်ယူ ကိုင်တွယ်ခဲ့ခြင်း မရှိဘဲ နေလာခဲ့ရာက အခုလို အင်တာမီလန်အသင်းဥက္ကဋ္ဌနဲ့ ဆက်သွယ်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ခြင်းဖြစ်လို့ အင်တာမီလန် နည်းပြသစ်ဟာ မော်ရင်ဟို ဖြစ်လာဖို့များတယ်လို့ ဆိုနေကြတာပဲ ဖြစ်ပါတယ်။

အာရုံစူးစိုက်

မော်ရင်ဟိုကတော့ **"မိမိဟာ မိုရက်တီကို လေးစားကြောင်း၊ သူဟာ ဘောလုံးကို ချစ်မြတ်နိုးသူ တစ်ဦးဖြစ်သလို ကလပ်အသင်းအပေါ်လည်း နက်နက်ရှိုင်းရှိုင်း အာရုံစူးစိုက်မှုထားရှိသူတစ်ဦးလဲ ဖြစ်ကြောင်း"** ပြီးခဲ့တဲ့ သီတင်းပတ်က ပြောကြားခဲ့ပါတယ်။

စတင်ဆွေးနွေး

လက်ရှိနည်းပြ မန်စီနီကတော့ ရာသီကုန်ရင် ထွက်တော့မယ်လို့ ဆုံးဖြတ် ကြေညာခဲ့ပြီးတဲ့ နောက်မှာ အင်တာမီလန် အသင်းပိုင်ရှင် မိုရက်တီက မော်ရင်ဟိုနဲ့ စတင်ဆွေးနွေးခဲ့တယ်လို့ ဆိုပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးမှုဟာလည်း အောင်မြင်မှုရရှိပြီး ပွင့်ပွင့်လင်းလင်းလည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

သဘောကျ

မိုရက်တီဟာ လက်ရှိနည်းပြ မန်စီနီကိုလည်း သဘောကျနေပြီး ဆက်လက်လုပ်ကိုင်ဖို့ ဆွေးနွေးခဲ့ပေမယ့် အဆင်မပြေဘူးလို့ သိရပါတယ်။ လောလောဆယ်မှာ မိုရက်တီက မော်ရင်ဟိုနဲ့ ဆွေးနွေးနေပြီဖြစ်လို့ ဒီနှစ် ဘောလုံးရာသီ အကုန်မှာ မော်ရင်ဟို အင်တာမီလန်ကို ရောက်ရှိဖို့ သေချာသလောက် ရှိနေပါပြီ။

လုပ်ဆောင်နေ

ဒါကြောင့်မို့ အင်တာမီလန်အသင်း နည်းပြအဖြစ် ဆောင်ရွက်တော့မယ့် မော်ရင်ဟိုဟာ လိုအပ်တဲ့ စာရွက်စာတမ်း ကိစ္စတွေကို လိုက်လံဖြည့်ဆည်း လုပ်ဆောင်နေပြီဖြစ်ပါတယ်။

တာဝန်ယူ

မော်ရင်ဟိုကို အင်တာမီလန်အပြင် အေစီမီလန်နဲ့ ဘာစီလိုနာတို့ကလည်း ငွေထုပ်ပိုက် လိုက်နေတာကြောင့် မိုရက်တီရဲ့ မျှော်လင့်ချက်တွေပြည့်အောင် မော်ရင်ဟို အင်တာနည်းပြ တာဝန်ယူဖို့ လေးနှစ်စာချုပ်ချုပ်ဆိုတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် ပွဲဆူအောင် လုပ်တတ်တဲ့ မော်ရင်ဟိုဟာ လက်တွေ့မှာ အင်တာမီလန်ကို ရောက်ရှိမှာဖြစ်ပြီး ဘယ်လောက်အထိ စွမ်းဆောင်ပေးနိုင်မလဲဆိုတာ စောင့်မျှော်အကဲခတ်ရမှာဖြစ်ပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ

အင်တာနက်သတင်းအတိုအထွာ

* မန်ယူအသင်းသည် ရေးဆင်းအသင်းမှ ပေါင် ၁၀သန်းတန် အာဂျင်တီးနားဘောလုံးကြယ်ပွင့် ဂါရေးအားစာချုပ်ချုပ်ဆို ခေါ်ယူရေးအတွက် ဘာစီလိုနာအသင်းထက် ဦးအောင်ကြိုးပမ်းခဲ့ကြောင်း၊ ဗဟိုခံစစ်မှူး ဂါရေးအား လိုင်ယွန်အသင်းနှင့် ဂျူဗင်းတပ်စ်အသင်းတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သတင်း၌ဖော်ပြသည်။
* **နယူးကာဆယ်အသင်းသည် အက်စ်တွန်ဗီလာအသင်းက ဝယ်ယူရန်ကြိုးပမ်းနေသော အသက်၁၈နှစ်အရွယ်ရှိ ဘော်နီမောက်သ် တိုက်စစ်မှူး ဆမ်ဗိုကက်စ်အား ခေါ်ယူရန်စီစဉ်နေသည်။**
* နွေရာသီကစားသမားအပြောင်းအရွှေ့အတွက် စီစဉ်နေသော စပါးနည်းပြ ရာမို့စ်သည် ပို့စ်မောက်အသင်းမှ ဂါနာကွင်းလယ်ကစားသမား မန်တာရီအား မျက်စိကျနေသည်။
* **အဲဗာတန်နည်းပြ မိုရက်စ်သည် ဆီဗီလာကွင်းလယ်ကစားသမား ကီတာကို ခေါ်ယူရန် ကြိုးပမ်းနေသည်။**
* ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန်မျက်စိကျနေသော အသက်၁၇နှစ်ရှိ ဘော့စနီးယားလူငယ်ကွင်းလယ်ကစားသမား ပီဂျာနစ်ကို အာဆင်နယ် အသင်းက ခေါ်ယူရန်ချိန်ရွယ်နေသည်။
* **နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေသည် ပရီမီယာလိဂ်တွင် အသင်း၏အနာဂတ်အတွက် စိုးရိမ်ပြီး လာမည့်ပွဲစဉ်နှစ်ပွဲတွင် အနိုင်ပွဲရရှိရေးဆောင်ကြဉ်းပေးရန် နည်းပြကီဗင်ကီးဂန်းအား တောင်းဆိုခဲ့သည်။**

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များထုတ်ပြန် အာဆင်နယ်နှင့်လီဗာပူး ထိပ်တိုက်ဆုံကြပြီ

လန်ဒန် မတ် ၁၄

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့၌ သက်ဆိုင်ရာက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသည် ဧပြီ၂ရက်တွင် အိမ်ကွင်း၌ လီဗာပူးအသင်းနှင့် ကစားရမည်ဖြစ်သည်။ ဒုတိယအကျော့ကို ဧပြီ၈ရက်တွင် အန်ဖီးလ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။



ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် အာစင်ဝင်းဂါးနှင့် ဘင်နီတက်ဇ်တို့ ထိပ်တိုက်ဆုံကြပြီ။ (အင်တာနက်ဓာတ်ပုံ)

ကစားမည်

လိုင်ယွန်အသင်းကိုနိုင်ပြီး ကွာတားဖိုင်နယ် တက်လာသော မန်ယူက ရီးရဲမက်ဒရစ်ကိုနိုင်ပြီးတက်လာသော ရိုးမားနှင့် ဧပြီ၁ရက်တွင် ပထမအကျော့ ကစားရမည်ဖြစ်သည်။ ဒုတိယအကျော့ကို ဧပြီ ၉ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းနှင့် ဖီနာဘာချီအသင်းတို့သည် ဧပြီ၂ရက်တွင် ပထမ အကျော့ကစားပြီး ဒုတိယ အကျော့ကို ဧပြီ၈ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ရှော်လ်ကေးနှင့် ဘာစီလိုနာတို့သည် ဧပြီ၁ရက်တွင် ပထမအကျော့ကစားပြီး ဒုတိယအကျော့ကို ဧပြီ ၉ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဆုံတွေ့ကြခြင်း ဖြစ်သည်။ အဆိုပါနှစ်သင်းမှ အနိုင်ရသောအသင်းသည် ချယ်လ်ဆီးသို့မဟုတ် ဖီနာဘာချီအသင်းနှင့် အကြို ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ထိုအတောအတွင်း မန်ယူနှင့် ရိုးမားတို့နှစ်သင်းအနက်မှ အနိုင်ရသော အသင်းသည် ဘာစီလိုနာ သို့မဟုတ် ရှော်လ်ကေးအသင်းနှင့်အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်ပထမအကျော့ကို ဧပြီ ၂၂ရက်နှင့် ၂၃ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ကို ဧပြီ၂၉ရက်နှင့် ဧပြီ၃၀ရက်တို့တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

ခန့်မှန်းထား

နောက်ဆုံးဗိုလ်လုပွဲကို ရုရှားနိုင်ငံ မော်စကိုမြို့၌ မေ၂၁ရက်တွင် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဗိုလ်လုပွဲတွင် ပရီမီယာလိဂ်မှ အနည်းဆုံး တစ်သင်းတက်ရောက်နိုင်ဖွယ်ရှိကြောင်း အင်္ဂလန်ဘောလုံး ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ပထမဆုံးအကြိမ်

ဖီနာဘာချီနှင့် ရှော်လ်ကေးအသင်းတို့သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ပထမဆုံးအကြိမ်တက်ရောက်လာခြင်း ဖြစ်သည်။ ပရီမီယာလိဂ် ဘောလုံးလေးသင်းသည် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်မည့် ရေပန်းစားမှု အဆင့်တွင်ရှိသည်။

စိတ်ပျက်မိ

လီဗာပူးအသင်း အမှုဆောင်အရာရှိချုပ် ရစ်ပါရီက အာဆင်နယ်အသင်းနှင့် ကစားရမည်ဖြစ်၍ စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားသည်။

ပြောကြား

မိမိတို့ အနေဖြင့် အင်္ဂလိပ်ပရီမီယာလိဂ်အသင်း တစ်သင်းကို ရှောင်လွှဲရန် မျှော်လင့်ထားခဲ့မိကြောင်း၊ သို့သော်လည်း မိမိတို့အနိုင် ကစားသွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးအကြိုဗိုလ်လုပွဲသို့ တက်ရောက်အောင်ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရင်ဆိုင်ယှဉ်ပြိုင်

အာဆင်နယ်နည်းပြ ဝင်းဂါးကလည်း မိမိ၏အသင်းသည် လက်ရှိချန်ပီယံကို အဝေးကွင်း၌ပင် အနိုင်ကစားခဲ့ပြီဖြစ်ကြောင်း၊ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်သည်အထိ ပြိုင်ဘက်များကို ရင်ဆိုင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကျေနပ်မှုရှိ

မန်ချက်စတာယူနိုက်တက်အသင်းအတွင်းရေးမှူးကင်န်ရမ်စဒန်ကလည်း မိမိတို့အသင်း ရိုးမားနှင့် ကစားရမည်ဖြစ်၍ ကျေနပ်မှုရှိကြောင်း၊ အကောင်းဆုံး ယှဉ်ပြိုင်သွားနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယုံကြည်

ချယ်လ်ဆီးအသင်း အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်ကလည်း ရာသီအကုန်တွင် အသင်း၏ခြေစွမ်းမှာ ပို၍ ကောင်းလာကြောင်း၊ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရန် အပြည့်အဝ ယုံကြည်ကြောင်း ပြောကြားလိုက်သည်။

(အင်တာနက်)

ယူအီးအက်ဖ်အေကွာတားဖိုင်နယ်ပွဲ ဧပြီ၁ရက်တွင် စတင်ကစားမည်

လစ္စဘွန်း မတ် ၁၄

ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာလိုက်ရာ ရိန်းဂျားစ်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

၎င်းအသင်းနှစ်သင်းအနက်မှ အနိုင်ရသောအသင်းသည် အကြိုဗိုလ်လုပွဲတွင် ပီအက်စ်ဗွီ သို့မဟုတ် ဖီအိုရင်တီးနားအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ် ပထမအကျော့ပွဲစဉ်ကို ဧပြီ၃ရက်တွင် ကစားမည်ဖြစ်ပြီး ဧပြီ ၁၀ရက်၌ ဒုတိယအကျော့ကစားရမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစားကြမည်

အခြားကွာတားဖိုင်နယ်ပွဲစဉ်များမှာ လေဗာကူဆင်နှင့် ဇင်းနစ်၊ ဘိုင်ယန်မြူးနစ်နှင့် ဂီတာဖေး၊ ဖီအိုရင်တီးနားနှင့် အိုင့်ဟိုဗင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၄ရက်နှင့် မေ ၁ရက်တို့တွင် ယှဉ်ပြိုင်ကစားကာ ဗိုလ်လုပွဲကို မေ ၁၄ရက်၌ မန်စီးတီးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲ ဆုကြေးငွေဒေါ်လာ၁၇သန်းကျော်ချီးမြှင့်မည်

ဂျိုဟန်နစ္စဘတ် မတ် ၁၄

တောင်အာဖရိကနိုင်ငံ၌ လာမည့်နှစ်တွင်ကျင်းပမည့် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲအတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၇ဒသမ၆သန်း ခွဲဝေပေးမည်ဖြစ်ကြောင်း ဖီဖာက မတ် ၁၃ ရက်တွင် ကြေညာလိုက်သည်။

ဆွတ်ခူးရရှိမည်

အနိုင်ရဗိုလ်စွဲသောအသင်းသည် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၃ဒသမ၇၅သန်း ရရှိမည်ဖြစ်ပြီး ဒုတိယဆုရအသင်းသည် ဆုကြေးငွေ အမေရိကန်ဒေါ်လာ၃ဒသမ၂၅သန်း ဆွတ်ခူးရရှိမည်ဖြစ်သည်။ တတိယဆုရအသင်းသည် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂ဒသမ၇၅သန်း ရရှိမည်ဖြစ်ပြီး စတုတ္ထရသည့် အသင်းသည် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂ဒသမ၂၅သန်း ရရှိမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော အသင်းများအားလုံး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ရရှိမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲသည် တိုက်ကြီးခြောက်တိုက်၏ ချန်ပီယံအသင်းများနှင့် အိမ်ရှင်တောင်အာဖရိကအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများမှာ ကမ္ဘာ့ချန်ပီယံ အီတလီ၊ ကိုပါဖလားချန်ပီယံ ဘရာဇီး၊ အာဖရိကနိုင်ငံများဖလားချန်ပီယံ အီဂျစ်၊ အာရှဖလားချန်ပီယံ အီရတ်နှင့် ကွန်ကာကာ့ဖ်ချန်ပီယံ အမေရိကန်အသင်းတို့ ပါဝင်ကစားကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲကို ၂၀၀၉ခုနှစ် ဇွန် ၁၄ရက်မှ ၂၈ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ နေပြည်တော်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

❒ *ကျော်ဖုံးမှ*

အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့်အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ နေပြည်တော်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

● *ကျော်ဖုံးမှ*

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးနှင့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Noppadon Pattama၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်း ဘွန်နတ်ခ်တို့ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြသည်။

လက်မှတ်ရေးထိုး

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Noppadon Pattama တို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်ရေးနှင့် အကျိုးစီးပွား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍမြှင့်တင်ရေးနှင့် အကျိုးစီးပွား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို တက်ရောက်အားပေး ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

မြသိန်းတန်စာသင်တိုက် စာအောင်သံဃာဂုဏ်ပြုပွဲ

ရန်ကုန် မတ် ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက် ၁၃၆၈ခုနှစ် စာအောင်သံဃာဂုဏ်ပြုပွဲကို မတ်၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ စာအောင်သံဃာတော်များအား သဒ္ဓါစွမ်းအားရှိသရွေ့ ပါဝင်လှူဒါန်းလိုပါက ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဖုန်း-၂၈၁၇၈၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် ရွှေရတု သာသနာအောင်ပွဲ ဆင်နွှဲကျင်းပမည်

ရန်ကုန် မတ် ၁၄

၁၃၂၀ပြည့်နှစ် နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် ဓမ္မာစရိယဘွဲ့ရ ညီနောင်ရင်းချာ ရဟန်းတော်ခြောက်ပါးတို့ တည်ထောင်ခဲ့ကြသည့် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်သည် ၁၃၇၀ပြည့်နှစ် နယုန်လပြည့်နေ့တွင် နှစ်(၅၀)ပြည့်မြောက်မည်ဖြစ်သည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒ မထေရ်မြတ်နှင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ်၊ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့၏ ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသမထေရ်တို့၏ ဩဝါဒကို ခံယူလျက် သာသနာအောင်ပွဲ ကျင်းပရေးကော်မတီက ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဝံသိက အရှင်မြတ်များအနေဖြင့် အရှင် အဘိဇာတာဘိဝံသ (တိပိဋကဓရ) မဟာသုဗောဓာရုံကျောင်းတိုက် စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၃၁၁ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အောင်စကြာကျောင်း သင်္ကြန်တွင်းတရားစခန်းပွဲ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းတွင် ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ သင်္ကြန်တွင်း အချိန်ပိုင်း တရားစခန်းပွဲဖွင့်မည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် နေ့စဉ် နံနက်၁၁နာရီ ကျောင်းသို့ အရောက်လာရမည်ဖြစ်ပြီး ညနေ ၅နာရီတွင် မိမိတို့အိမ်သို့ ပြန်ကြရမည်ဖြစ်သည်။ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်ကိုယ်တိုင် ဟောကြားပြသမည်ဖြစ်၍ မည်သူမဆို လာရောက်နာယူ အားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁-၁၈၅၃၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ထိုင်းဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်း ဘွန်နတ်ခ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ မစတင်မီ နိုင်ငံတော်တီးဝိုင်းက ထိုင်းနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာမှုတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် မြို့တော်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

မြတ်သန္ဒာ မဟာစည်ရိပ်သာ သကြံန်ခုနစ်ရက် အထူးတရားစခန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္ဒာမဟာစည်ရိပ်သာ၌ ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှုစ၍ လွယ်လွယ်ကူကူသိရှိနားလည်နိုင်စေရန် အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသပြီး ယောဂီ ၅၀ သာ လက်ခံမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ပုဂ္ဂိုလ်များ ရိပ်သာဖုန်း-၇၀၇၄၉၇၊ ၀၉-၅၁-၇၆၅၇၃၊ ၀၉-၅၁-၇၆၅၇၅ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခရေပင်စိုက်ပျိုး

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ ကျန်းမာရေးဝန်ကြီးဌာန ပရဆေးဥယျာဉ် ချစ်ကြည်ရေး သစ်ပင်စိုက်ကွက်၌ မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် နေပြည်တော်၌ ရောက်ရှိနေပြီး ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသွားကြမည့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

လေဆိပ်ရောက်ရှိ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ချစ်ကြည်ရေးအထိမ်းအမှတ် ခရေပင်စိုက်ပျိုး

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကျန်းမာရေးဝန်ကြီးဌာန ပရဆေးဥယျာဉ်သို့ ရောက်ရှိလာကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးတို့က ကြိုဆိုကြသည်။

ခရေပင်စိုက်ပျိုး

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့သည် ချစ်ကြည်ရေးသစ်ပင်စိုက်ကွက်၌ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးပြီး မြေဩဇာနှင့် ရေစင်တို့ကို သွန်းလောင်းပေးသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့သည် ပရဆေးဥယျာဉ်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်၏ မျိုးချစ်စိတ်ဓာတ်နှင့် မျိုးစောင့်တရား အခြေခံသော ရွေးကောက်ပွဲမှု ဘယ်သူက ဘာကြောင့် မကြိုက်တာလဲ

၁၉၄၇ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လွတ်လပ်ရေးမတိုင်မီ အဆောတလျင် ရေးဆွဲခဲ့ကြရခြင်း ဖြစ်သည်။ ထို ၁၉၄၇ ခုနှစ်သည် ဗြိတိသျှတို့က မြန်မာနိုင်ငံကို သူတို့ လက်အောက်ခံ (ကျွန်)နိုင်ငံအဖြစ် အုပ်စိုးဆဲကာလဖြစ်သည်။ မြန်မာနိုင်ငံကို မလွဲမရှောင်သာ လွတ်လပ်ရေးပေးရလျှင်သော်မှ မြေပြန့်(ပြည်မ)ဒေသ ဗမာများကိုသာကွက်ပြီး လွတ်လပ်ရေးပေးဖို့၊ တောင်တန်းဒေသမှ တိုင်းရင်းသားများကို ဗြိတိသျှကျေးကျွန်အဖြစ် ဆက်လက်ထားရှိဖို့ ကြံစည်လျက် တောင်တန်းဒေသကို ခြွင်းချန်ဧရိယာ (Schedule Area)အဖြစ် ချန်လှပ်ထားရှိရန် ဆုံးဖြတ်ထားခဲ့သည်။ မြန်မာမျိုးချစ်ခေါင်းဆောင်များ၏ ဉာဏ်အမြော်အမြင်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ ပင်လုံစာချုပ်ကြီးဖြင့် ခိုင်မာစွာဖော်ပြပြီး ပြန်လည်ထိုးစစ်ဆင်နိုင်ခဲ့သောကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးရလာခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က နယ်ချဲ့သမားသွေးထိုးပေးမှုခံနေရသည့် ပဒေသရာဇ်စော်ဘွားအချို့က နယ်ချဲ့အလိုကျ ပင်လုံညီလာခံ မအောင်မြင်စေရန် နှောင့်ယှက်ခဲ့ကြသေးသည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ပမှ ပယောဂပူးကပ်ခံရသည့် တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းမှုကို နယ်ချဲ့တို့ဖန်တီးခဲ့သည်။ ယခုအခါ နယ်ချဲ့သွေးခွဲမှုကို ပြည်သူတစ်ရပ်လုံး အတွင်းသိ၊ အစင်းသိ သိကုန်ကြသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေရေးဆွဲရာ၌ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် စတုတ္ထမြောက်ဇနီး မဟာဒေဝီစဝ်ဟိန်းခမ်းတို့က ပြည်ထောင်စုမှ ခွဲထွက်ခွင့်မပါလျှင် အခြေခံဥပဒေရေးဆွဲရေးတွင် မပါဝင်နိုင်ဟု အကျပ်ကိုင်ခဲ့သည်။ တစ်ဖက်တွင် လွတ်လပ်ရေးအရယူဖို့ တာဝန်ကြီး ရှိနေသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ခွင့်ပြုခဲ့သော်လည်း ယင်းသို့ ခွဲထွက်ခွင့်ပြုထားသော ပုဒ်မများ၏ အန္တရာယ်ကို စဉ်းစားမိပြီး ဗိုလ်ချုပ်က ၁၇-၇-၄၇ ရက်နေ့တွင် အခြေခံဥပဒေရေးဆွဲရေး ပြည်နယ်ရေးရာ ဆပ်ကော်မတီမှ ဦးမြင့်သိန်းအား ၂၀-၇-၄၇ရက်နေ့ အစည်းအဝေး ကျင်းပချိန်တွင် ခွဲထွက်ခွင့်ပုဒ်မ ဖြုတ်လိုက်ပါဟု မှာသည်။ ၁၉-၇-၄၇ရက်နေ့တွင် ဗိုလ်ချုပ်တို့ လုပ်ကြံခံရသည်။ ၂၀-၇-၄၇ရက်နေ့ အစည်းအဝေး၌ ဦးမြင့်သိန်းက ဗိုလ်ချုပ်မှာသည့်အတိုင်း ခွဲထွက်ခွင့်စာပိုဒ်များဖြုတ်ရန် တင်ပြသည်။ စဝ်ရွှေသိုက်နှင့် စဝ်ဟိန်းခမ်းတို့က ထိုစာပိုဒ်များ အဖြုတ်မခံဘဲ အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း ဖော်ထုတ် သိရှိလာရသည်။ ယင်းပုဒ်မများကို အကြောင်းပြုပြီး ၁၉၅၀ ပြည့်လွန် နှစ်များ၌ စော်ဘွားအချို့က ခွဲထွက်ရေးလှုပ်ရှားခဲ့ရာ ၁၉၆၂ ခုနှစ် မတ်လတွင် ထိန်းသိမ်းမရနိုင်လောက်အောင် အရှိန်ပြင်းလာခဲ့သည်။ ဖဆပလ၊ ပထစ၊ ပမညတ၊ ရတညစသည့် ပါတီအဖွဲ့အစည်းများက ကန့်ကွက်ကြသည်။ အစိုးရအနေဖြင့် မည်သို့မျှ မထိန်းသိမ်းနိုင်တော့သဖြင့် ၂-၃-၆၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက ဖက်ဒရယ်မူခေါ် ပြည်ထောင်စုရှစ်စိတ်ကွဲစေပြီး ဆီးတိုးခေါ် အမေရိကန်၏ စစ်အင်ပါယာ ထူထောင်ရေးအုပ်စုထဲ ဝင်ကြမည့်လုပ်ရပ်ကို ဟန့်တားခဲ့ရသည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကာ မြန်မာ့အချုပ်အခြာအာဏာ(လွတ်လပ်ရေး)ကို ထိန်းသိမ်းခဲ့ရသည်။

ထိုမှနောက်ပိုင်း ကျဉ်းမြောင်းသော လူမျိုးရေးအစွဲ၊ ပြည်ပသွေးခွဲမှု ပယောဂအစွဲ၊ သံသယအစွဲများကြောင့် တိုင်းရင်းသားလက်နက်ကိုင် ပုန်ကန်မှုများပေါ်လာသဖြင့် မနည်းဖြေရှင်းယူခဲ့ရသည်။ ယခုအခါ နယ်ချဲ့သမားက ဥပဒေဘောင်အတွင်း ပြန်မဝင်ရန် ခါးဆွဲထားခံရသော သောင်းကျန်းသူ လက်တစ်ဆုပ်စာမျှအပ ကျန်အဖွဲ့များ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ကြရန် ငြိမ်းချမ်းရေးယူခဲ့ကြပြီးဖြစ်သည်။ သို့တိုင်အောင် တစ်လောက ပြည်ပ(အမေရိကန်နှင့် ဥရောပ)တွင် တွယ်ကပ်ခိုလှုံနေသော စဝ်ကမ်ဖ ဦးဆောင်သည့် စော်ဘွားဟောင်း အနွယ်တစ်စုက ရှမ်းပြည်နယ်ကို ခွဲထွက်ကာ ရှမ်းသမ္မတနိုင်ငံ ထူထောင်ပြီဟူသော သကြိန်အမြောက်သံ တစ်ချက် ကြားလိုက်ရသေးသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် ဗိုလ်ချုပ်၏ လွတ်လပ်ရေးလမ်းစဉ်၊ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးလမ်းစဉ်ကို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီဖြင့် ဆက်လက်ခံယူလျှောက်လှမ်းလျက်ရှိသည်။ ယနေ့ကာလတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် ခွန်အားတို့ဖြင့် အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သို့ ဆက်လက်ဦးတည်ချီတက်နေကြပြီဖြစ်သည်။ ပြည်ထောင်စုကြီး ခိုင်မြဲအခွန့်ရှည်စေမည့်၊ လွတ်လပ်ရေး ထာဝရ တည်တံ့စေမည့်၊ ဤနိုင်ငံမြေ၏ ရေ၊ မြေ၊ သယံဇာတကောင်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်စေမည့်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ် ခိုင်မာရင့်ကျက်စေမည့် အခြေအနေကောင်းများကို အာမခံထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရသည့်နေ့မှ ယနေ့တိုင် အုပ်စုဘက်မလိုက်ဘဲ လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက် ကျင့်သုံးခဲ့သည်။ ဘာသာ သာသနာမတူ၊ နိုင်ငံရေးဝါဒကွဲပြား၊ ယဉ်ကျေးမှုဘာသာစကားချင်းခြားနား၊ စီးပွားရေးပုံစံချင်းကွဲလွဲသော နိုင်ငံအချင်းချင်း၊ တစ်နိုင်ငံ၏အချုပ်အခြာကိုလေးစား၊ တန်းတူဆက်ဆံ၊ ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို ခံယူကျင့်သုံးခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ၁၉၄၈ခုနှစ်မှ စတင်ဝင်ရောက်ကာ ကမ္ဘာ့မိသားစုတာဝန်များကို တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ အာဆီယံ၊ ဘင်းမ်စတက်စသည့် ဒေသနိုင်ငံများ အစုအဖွဲ့တွင် တက်ကြွစွာပါဝင်လျက် ရှိသည်။

နိုင်ငံခြားဆက်ဆံရေး၌ နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ ပဋိညာဉ်အခြေခံမူများ၊ ဘန်ဒေါင်း(ဘက်မလိုက်) မူများနှင့်အညီ အိမ်နီးချင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံတို့နှင့် မိတ်ဝတ်မပျက် ဆက်ဆံခဲ့သည်။ နိုင်ငံခြားဆက်ဆံရေး မူဝါဒတွင် စံပြုလောက်သည်။ အပြစ်ကင်းသည်၊ ဂုဏ်မြောက်သည်။

မောင်ပွင့်လင်း

ယခင်အစိုးရများ အစွမ်းကုန်ကြိုးစားသော်လည်း မရနိုင်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေး ယနေ့ရပြီ။ ဘာလိုသေးလဲ။ အနောက်ကသာ မနှောင့်ယှက်လျှင် ကျန်အဖွဲ့ကွဲ လက်ကျန်သောင်းကျန်းသူအဖွဲ့များပင် ငြိမ်းချမ်းရေးရင်ခွင် ဝင်လာပြီးဖြစ်ပေမည်။ ထို့ကြောင့်ပြည်တွင်း ငြိမ်းချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ယနေ့အခြေအနေမှာ တစ်ကမ္ဘာလုံးက မုဒိတာပွားရမည့် အခြေအနေကောင်းဖြစ်သည်။

ပြည်တွင်းမှ ပုဆိန်ရိုးများက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရန်၊ အကူအညီလုံးဝမပေးရန်၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ကြရန်၊ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားကုမ္ပဏီများ မြန်မာနိုင်ငံမှ ရုပ်သိမ်းထွက်ခွာရန်၊ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ မလာရောက်ရန်၊ မြန်မာနိုင်ငံကို နိုင်ငံတကာက ပိတ်ဆို့အရေးယူရန် အော်ဟစ်တောင်းဆိုကြသည်။ ကိုလိုနီ(နယ်ချဲ့)နဲ့ တထောင်းထောင်းထနေသော နိုင်ငံအချို့ကလည်း ထိုပုဆိန်ရိုးတို့၏ တောင်းဆိုချက်ကို လိုက်လျောခဲ့သည်။ ဤသို့ဖြင့် မြန်မာတွေ ဆင်းရဲကျပ်တည်းမည်။ သို့မှသာ ဆင်းရဲဒဏ်မခံနိုင်သော မြန်မာပြည်သူများ ၎င်းတို့အလိုကျ ဆူပူမည်။ ဤနည်းဖြင့် မိမိတို့အာဏာရလွယ်မည်ဟု တွက်ကာ ပြည်ပနှင့် လက်ဝါးချင်းရိုက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေကြခြင်း ဖြစ်သည်။

အဖျက်ရန်စွယ်အမျိုးမျိုးဖြင့် နှောင့်ယှက်ကြသည့်ကြားမှပင် မျိုးချစ်စိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား အပြည့်အဝရှိသော မြန်မာ တိုင်းရင်းသားတို့၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများက အံ့သြရှုမောလောက်အောင် တိုးတက်ပေါ်ထွန်းလာသည်။ ဒီမိုကရေစီခရီးစဉ်ကလည်း ခရီးပေါက်လာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့၏ စေတနာမှန်သော ကံတရားက မြင့်တက်လာသည်။

မြန်မာတို့သည် မျိုးရိုးစောင့်ထိန်းကြသည်။ မြန်မာသားသမီးတို့၏ အစဉ်အလာ ကျင့်ဝတ်ငါးပါးတွင် "စောင့်လေမျိုးနွယ်"ဟူသော ကျင့်ဝတ်တစ်ပါး ပါဝင်သည်။ အမျိုးအနွယ်ကို စောင့်ထိန်းသော မျိုးစောင့်တရားကို ဗိုလ်ချုပ်အောင်ဆန်းက သူ့မိန့်ခွန်းတွင် ဝံသာနုရက္ခိတတရားဟု သုံးနှုန်းသည်။ မြန်မာတို့၏ ယဉ်ကျေးမှုစရိုက်တွင် မျိုးစောင့်တရား လက်ကိုင်ထားပြီး မျိုးချစ်စိတ်ဓာတ်ကို နှလုံးသည်းပွတ်၌ စွဲကပ်ထားသည်။ပြည်ပမှ နိုင်ငံခြားသား နယ်ချဲ့များ၏ လက်အောက် ကျွန်ဘဝတွင် အနေကြာခဲ့ရ၍လည်း ကိုယ့်မျိုးရိုးကို ပို၍တွယ်တာစောင့်ထိန်းခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ကောင်းကျိုးကို မြန်မာတို့သာ ကြိုးပမ်းရယူနိုင်မည်ဖြစ်ကြောင်း မြန်မာတိုင်းသိသည်။ ပြည်ပမှ မိတ်ကောင်း ဆွေကောင်းတို့၏ ဖြူစင်စေတနာများ၊ မေတ္တာများကိုလည်း မြန်မာတို့တန်ဖိုးထားသည်။ သို့သော် မြန်မာ့အဖိုးတန် သယံဇာတ နေဥစ္စာများကို မျက်စောင်းထိုးနေသော ကိုလိုနီဝါဒီ နိုင်ငံခြားသားများနှင့် သူတို့၏ အဆွယ်အပွားများကို စက်ဆုပ်တတ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းသည် ဤသဘောတရားကို ပို၍ သဘောပေါက်ခဲ့ပေသည်။ ထို့ကြောင့်လည်း လွတ်လပ်သော မြန်မာနိုင်ငံတွင် ပြည်ပကျေးဇူးစား ကျေးဇူးခံများ၊ ပြည်ပ ပဒ္ဓမံများ၊ နိုင်ငံကို လက်ညှိုးထိုးရောင်းစားမည့် သွေးမသန့်သူများလက်သို့ မြန်မာပြည်သူ တစ်ရပ်လုံး စိုးပိုင်သည့် အချုပ်အခြာအာဏာ ရောက်ရှိမသွားစေရန် အမြော်အမြင်ကြီးမားစွာ မူချပေးခဲ့သည်။

ဤနေရာတွင် ကိုယ့်လူမျိုးကိုချစ်ခြင်း၊ မျိုးရိုးစောင့်ထိန်းခြင်းကို မလိုလားသူများ ဤကမ္ဘာတွင်ရှိနေသည်ကို သတိပြုမိရန်လိုကြောင်း တင်ပြလိုပါသည်။ တစ်ခါက အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဒေါက်တာဟင်နရီကစ်ဆင်ဂျာက ပြောဖူးသည်။ ကျွန်တော်တို့ အမေရိကန်တွေမှာ နိုင်ငံချစ်စိတ်ကတော့ရှိကြရမှာပဲ၊ ကိုယ်နေထိုင်ပေါက်ဖွားရာ အမေရိကန်နိုင်ငံကို ကျွန်တော်တို့ ချစ်ကြရမှာပေါ့။ ချစ်လဲ ချစ်တတ်ကြပါတယ်။ ဒါပေမယ့် မျိုးချစ်စိတ်ဓာတ် ဆိုတာကတော့ တော်တော်ခက်ခဲတဲ့ ပြဿနာပဲ။ ကျွန်တော်တို့ဘယ်အမျိုးအနွယ်ကို ချစ်ရမှာလဲဟု ပြောခဲ့သည်။ နီဂရိုးအနွယ်၊ ဟစ္စပင်းနစ်ခေါ် စပိန်မျိုးနွယ်ခွဲများ၊ ကျူးဘား(ပြည်ပြေးများ)၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်၊ အာရပ်မျိုးနွယ်စုံ အမေရိကန်တွင် ထုနဲ့ထည်နဲ့ရှိနေသည်။ ယင်းကဲ့သို့သော နိုင်ငံများတွင် လူမျိုးရော၊ သွေးနှောသည်မှာ အစဉ်အလာ ယဉ်ကျေးမှုဖြစ်နေပြီ။ သို့သော် အမျိုးသန့်သော၊ အမျိုးစောင့်တတ်သော မြန်မာအပါအဝင် အာရှသားတို့ကမူ မျိုးရိုးမျိုးနွယ်ကို မြတ်နိုးတတ်ကြသည်၊ စောင့်ထိန်းတတ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတွင် ဤမျိုးစောင့်ဒဿနက အခိုင်အမာ ရှိသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်ချမှတ်ပေးခဲ့သည့် ရွေးကောက်ပွဲ ဥပဒေ၌ နိုင်ငံခြားသွေးနွယ်သူများ၊ ပြည်ပသြဇာခံများ၊ ကျေးဇူးစား ကျေးဇူးခံများ ပါဝင်ယှဉ်ပြိုင် အရွေးခံခွင့်၊ မဲပေးခွင့်မရှိစေရဟု ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ မြန်မာတို့သည် မြန်မာ့ အချုပ်အခြာအာဏာကို မြန်မာတို့သာ ကိုင်တွယ်ကျင့်သုံးနိုင်စေရန်၊ နိုင်ငံတော်ကို မြန်မာ မစစ်သူများလက် မကျရောက်စေရန် ဗိုလ်ချုပ်၏မူကို အစဉ်တစိုက် ခံယူခဲ့သည်။ ဖဆပလခေတ်၊ လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲ ဥပဒေများမှာကဲ့သို့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ဥပဒေတွင်လည်း ဗိုလ်ချုပ်ချမှတ်ပေးခဲ့သောမူကိုပင် ဆက်လက် ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ အမျိုးသားညီလာခံမှ ချမှတ်ပေးသော အခြေခံမူများ၊ ရေးဆွဲပြီးဖြစ်သော အခြေခံဥပဒေ၏ ရွေးကောက်ခံခွင့် မူများတွင်လည်း ဗိုလ်ချုပ်၏မူကိုပင် ဆက်ခံချမှတ်ထားသည်။

မြန်မာတို့တွင် မျိုးချစ်စိတ်ဓာတ်လုံးဝမရှိကြတော့လျှင်၊ မျိုးစောင့်တရားကို ပယ်ကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက် ကျရောက်သည်မှာ ကြာလှပေရော့မည်။ ထိုသို့မျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် နိုင်ငံတည်ဆောက်မည်ဖြစ်သော်လည်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင်မူ နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာဆက်ဆံမည်။ နိုင်ငံတိုင်း၏ အချုပ်အခြာအာဏာကို လေးစားမည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ ကောင်းကျိုးကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည်သာဖြစ်သည်။ သို့သော်တစ်ချိန်တည်းမှာပင် တစ်ခါကျူးကျော်ကျွန်ပြုခံရဖူးပြီး ပြည်ပစွက်ဖက် နှောင့်ယှက်မှုခံနေရသည်ကို သုံးသပ်ဆင်ခြင်လျက် မြန်မာ့အရေးကို ပြည်ပစွက်ဖက်မှု ကင်းစေရန်၊ မြန်မာ့အချုပ်အခြာအာဏာစစ်စစ်ကို မြန်မာစစ်စစ်တို့သာ ကိုင်တွယ်ကျင့်သုံးဖော်ဆောင်ရန် ဗိုလ်ချုပ်က ထိုသို့မူချပေးခဲ့ခြင်း ဖြစ်ပေသည်။

ယခုရေးဆွဲပြီးစီးပြီဖြစ်၍ လာမည့်မေလ၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်က ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် အရွေးမခံနိုင်အောင် ပိတ်ပင်ထားသည်ဟု အနောက်ပါးစပ်များက ပြောလာကြသည်။ ရိုးရိုးလေးပဲ ယင်းကိစ္စကို ဖြေကြားလိုက်ပါမည်။ "ဗိုလ်ချုပ်၏ အမျိုးစောင့်မှု၊ မျိုးချစ်မှု အခြေခံသောမူတွေကို ဘယ်သူ့အတွက်မျှ ခြွင်းချက်ပြုပယ်ဖျက်ပေးနိုင်မည် မဟုတ်ကြောင်းပါခင်ဗျား။"

၁၉၈၈ ခုနှစ်က မင်းမဲ့စရိုက်ဖြင့် တိုင်းဆူပြည်ဖျက် လုပ်ခဲ့ကြသည်များကိုလည်းကောင်း၊ နောက်ပိုင်းဆက်လက်၍ဆူပူမှုဖန်တီး၊ ပြည်ပနှင့် လက်ဝါးရိုက်ကာ မြန်မာ့တိုးတက်မှုများကို နှောင့်ယှက်ကြသမျှကို လည်းကောင်း နိုင်ငံတော်က အတိတ်မှာထားပေးခဲ့ပါသည်။ NLD အနေနဲ့လည်း ၁၉၈၈ ခုနှစ်၊ ၁၉၉၀ပြည့်နှစ် အကြောင်းတွေ ပြောပြီး အတိတ်ကို လှန်မနေပါနှင့်တော့။ ပြည်ပက ဘာလုပ်ပေးမည်၊ ညာလုပ်ပေးမည်ဟုလည်း ထင်တလုံးနှင့် မျှော်မနေနှင့်။ ပြည်သူမပါလျှင် ဘာမှဖြစ်မလာနိုင်။ ပါတီခေါင်းဆောင် အမျိုးသမီးကိုယ်တိုင် ပြောခဲ့၊ လုပ်ခဲ့သည့် ပိတ်ဆို့မှု၊ အလုံးစုံပျက်သုဉ်းစေမည်ဟု ကြုံးဝါးခြိမ်းခြောက်မှုများကို ရိုးသားစွာ ပြန်လည်ရုပ်သိမ်းပါ။ အခြေခံဥပဒေကြီးပေါ်ထွန်းလာပြီး လာမည့်နှစ်နှစ်တာကာလ (၂၀၁၀) ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှာ(ပြည်သူကို တကယ်ယုံလျှင်)ဝင်ပြီး ယှဉ်ပြိုင်ဖို့သာ NLD အားထုတ်သင့်သည်။ VOA, BBC, RFA တို့၏ အပင့် အမြှောက်ဖြင့် ချောက်တွန်း နေမှုကို ဘိန်းစွဲသလိုသာ ဆက်စွဲနေဦးမည်ဆိုလျှင် နိုင်ငံရေးဘိန်းစားဘဝရောက်သွားရုံသာ ရှိတော့မည်ဟု စိတ်ရင်းစေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

မြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Russia Today (RT) ရုပ်မြင်သံကြားအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Producer, Mr. Andrey Fedorov ခေါင်းဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ Russia Today (RT) ရုပ်မြင်သံကြားအဖွဲ့သည် ရန်ကုန်မြို့ရှိ Society of Russia Myanmar မှ ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy လိုက်ပါလျက် ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကျောက်တန်း ကျိုက်မှော်ဝန်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် မတ် ၁၄

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရေလယ်ဘုရားလမ်းရှိ ပွဲတော်မုခ်ဦး၌ ကျင်းပရာ မြို့နယ်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ကျင်းပရေးကော်မတီဝင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုရဲမှူးမင်းလွင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဖွင့်လှစ်ရောင်းချ

ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့မှစ၍ မတ် ၂၂ရက်အထိ ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာ အစီအစဉ်များဖြင့် ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဈေးဆိုင်ခန်းများဖွင့်လှစ်၍ အထူးဈေးရောင်းပွဲတော်အဖြစ် ကုန်ပစ္စည်းများ ရောင်းချပေးလျက်ရှိသည်။ **(က-ပ)**

တန့်ယန်းမြို့ ဆင်များရှင်စေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ တပ်ဦးကျောင်းတိုက် ဆင်များရှင်ကုန်းတော်တွင် တည်ရှိသော ဆင်များရှင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၆၉ခုနှစ် တပေါင်းလပြည့် (မတ် ၂၁ရက်)သောကြာနေ့ မွန်းလွဲ၁နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တန့်ယန်းမြို့နယ် သံဃနာယကဆရာတော်များ၊ မြို့တွင်းရှိကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ပါးတို့ ကြွရောက်အလှူခံမည်ဖြစ်ပြီး တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာ၊ ဘဒ္ဒန္တ နန္ဒိယတို့ဦးဆောင်၍ ကျောင်းဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားပွဲများ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် ၈ရပ်ကွက် အောင်မြေလမ်း ကမ္ဘာအေး ရေကူးဘူတာအနီးရှိ စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်နာယက (မဟာကမ္မဋ္ဌာနာစရိယ) ပဓာန နာယက ပဲနွယ်ကုန်းဆရာတော် ဘဒ္ဒန္တ စန္ဒာဝရ အမှူးပြု၍ တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့က ပထမအကြိမ် သင်္ကြန်အထူးတရားပွဲများကို ၁၃၆၉ခုနှစ် သင်္ကြန်အကျနေ့မှစ၍ နှစ်ဆန်းတစ်ရက် (ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ) ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ဓမ္မပူဇာလှူဒါန်းလိုသူများသည် စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ ဖုန်း-၀၉-၅၀-၄၅၉၈၅နှင့် သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ ဖုန်း-၅၆၄၃၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

အလောင်းတော်ကဿပ ဖူးမြော်ကြမည်

ရန်ကုန် မတ် ၁၄

အလောင်းတော်ကဿပအရှင်မြတ်အား အကြိမ်(၄၀)မြောက် ဖူးမြော်မည့် ဒုတိယခရီးစဉ်ကို အလောင်းတော်ကဿပဝန်ဆောင်အဖွဲ့မှကြီးမှူး၍ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းမှ ဧပြီ ၃ ရက်တွင်ထွက်ခွာမည်ဖြစ်ရာ ဖိုလ်ဝင်တောင်မှ လိုက်ပါလိုသူများ ဧပြီ ၂ရက် အရောက်လာကြရမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ဧပြီ ၁ရက် မွန်းလွဲပိုင်းတွင် ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်မှ လိုက်ပါလိုသူ ပါရမီရှင်များသည် ဦးမောင်မောင်ဌေး အမှတ် ၈၂၁ မဟာဗန္ဓုလလမ်း ၁၀လမ်းထိပ် လမ်းမတော်မြို့နယ် ဖုန်း-၀၉-၅၀၅၆၈၀၃၊ ၂၂၆၀၂၄ တို့သို့ မတ်၂၃ ရက် နောက်ဆုံးထားစာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မရောင်ခြည် သဲအင်းဂူကျောင်းတိုက် ရေစက်ချလှူဒါန်း

ရန်ကုန် မတ် ၁၄

တောင်ဥက္ကလာပမြို့ အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင်ကြီးနှင့် ဒါနဝတ္ထု အစုစုတို့အား အလှူရှင် ဦးအောင်ကြည်၊ ဒေါ်ကြည်စောနှင့် အလှူရှင်များက လှူဒါန်းရာ တည်ဆောက်ပြီးစီးသွားသည့် ဓမ္မဝိဟာရ ကျောင်းတိုက်ကြီးအား စုပေါင်း ရေစက်ချလှူဒါန်းပွဲကို တပေါင်းလဆန်း ၃ရက် (တနင်္ဂနွေနေ့)က ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တ ဇာဂရ (ဒွိပိဋကဓရ) ကြွရောက်တော်မူပြီး ရေစက်ချ အနုမောဒနာတရား ဟောကြားခဲ့ကြောင်း သိရသည်။ **(၁၂၅)**

ဆေးတက္ကသိုလ်(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

ဆေးတက္ကသိုလ်(၁)(ရန်ကုန်)ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂၂ရက်(စနေနေ့)နံနက်၈နာရီတွင် ရန်ကုန်မြို့ M-3 Food Centre ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်း

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ်၉ရက် နံနက် ၉နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြို့နှင့် ဦးခွန်အောင်ငြိမ်း၊ မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြို့က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကာ သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြို့က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၄

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ်ဦးအုံ့မောင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရိဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

တင်သွင်းလျှောက်ထား

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်ဒွိပိဋကဓရအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလက တင်သွင်းလျှောက်ထားပြီး အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကာ နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပရိယတ္တိပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား အလှူရှင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် အမှတ် ၉၈နေ ဦးရှိန်မြင့်-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့် မိသားစု (ဂုဏ်ရှိန်မြင့်မိသားစု)က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတို့တွင် ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် အလှူရှင်များ၏ အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်၌ ကျင်းပရာ အလှူရှင်များက အလှူငွေကျပ်စုစုပေါင်း ၁၆၃သိန်း ငါးသောင်းတစ်ထောင်တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထ အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်ဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲနှင့် ဌာပနာပိတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတွင် မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္ဘဋ္ဌာန်းကျောင်း ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ လွန်ခဲ့သော ၂၂ နှစ်က ပထမဦးဆုံးတည်ထားပြီးစီးခဲ့ပြီး ရွှေထီးတော်မတင်ရသေးသည့် အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၉ခု တပေါင်းလပြည့်နေ့ (မတ် ၂၁ရက်)မှ စတင်ကပ်လှူပူဇော်၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးခြင်း ရေစက်ချပွဲနှင့်နောက်ဆုံးဌာပနာပိတ်ပွဲကို ၁၃၆၉ခု နှောင်းတန်ခူးလဆန်း ၁၁ရက် (ဧပြီ ၁၆ ရက်) အကြိမ်အတက်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ ရွှေသင်္ကန်းကပ်လှူပူဇော်လိုသူများ၊ ဌာပနာထည့်သွင်းပူဇော်လိုသူများ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်ဘုရားသို့ ကိုယ်တိုင်လာရောက် ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုးတောင်ပြည့် ဘော်ကြိုရွှေတိဂုံပုံတူစေတီတော် ထီးတော်တင်လှူပွဲ

ရန်ကုန် မတ် ၁၄

ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာအုပ်စု တောင်သူစုကျေးရွာ (စကားဝါမြေ) ထူးမခြားနား အဋ္ဌနာရာမ ကျိုးတောင်တောရ ကျောင်းတိုက်အတွင်း၌ ပဲခူးမြွေဘုရားကျောင်း မယ်တော်ကြီးစောနန်းဝေနှင့် ခုနစ်ရက်သားသမီးများ ကောင်းမှုဖြင့် တည်ထားခဲ့ပြီးဖြစ်သော ကိုးတောင်ပြည့် ဘော်ကြို ရွှေတိဂုံပုံတူစေတီတော်၏ ရွှေထီးတော်မင်္ဂလာ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသာမိအား သိက္ခာထပ် ကံဆင့်အလှူတော်ကို ၁၃၆၉ခုနှစ် တပေါင်းလပြည့်နေ့၊ မတ် ၂၁ရက် (သောကြာနေ့)နံနက် ၇ နာရီ ၁၀မိနစ်တွင် မယ်တော်ကြီး၏ကျောင်းတိုက်အတွင်း သာသနာပြုသက်တမ်း ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့တွင် စီခြယ်ပူဇော်နိုင်ရန် ရတနာပစ္စည်းများ၊ နဝရတ်ကိုးပါးစသည်တို့နှင့် အလှူငွေများကို ရွှေဟင်္သာ အဋ္ဌနာကျိုးတောင်တောရကျောင်း (ပဲခူးမြွေဘုရားကျောင်း) ဖုန်း-၀၉-၅၁-၆၅၃၉၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပုသိမ်အသင်း(ရန်ကုန်) ဂုဏာဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် မတ် ၁၄

ဧရာဝတီတိုင်း၏ ဂုဏ်ဆောင်ဆရာတော်များ ဖြစ်တော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တဩဘာသဘိဝံသနှင့် အဖွဲ့ဝင် ဘဒ္ဒန္တဝိသုတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ သဒ္ဓမ္မဝေဒဂူ စာသင်တိုက် ကညင်ချောင်းကျေးရွာ ဟိုင်းကြီးကျွန်းမြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသ ရွှေရေးဆောင်ပရိယတ္တိ စာသင်တိုက် ငါးသိုင်းချောင်းမြို့၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇနိယ တပ်ဦးပရိယတ္တိစာသင်တိုက် ဝါးယားချောင်းကျေးရွာ ပုသိမ်မြို့နယ်၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ပုသိမ်မြို့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသ အောင်ဇောဓိဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဘုရားချောင်းကျေးရွာ ပုသိမ်မြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိက္ခဉာဏ ကိုင်းချောင်း ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရေကြည်မြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသ အာသောကာရာမကျောင်း ကန့်ကော်ကန်ကျေးရွာ ကန်ကြီးထောင့်မြို့နယ်တို့မှ ဆရာတော်များနှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း ဥက္ကဋ္ဌ ပုသိမ်အသင်း (ရန်ကုန်)၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရ ဒေါ်ယဉ်ယဉ်နု ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း (ရန်ကုန်)တို့အား ထပ်ဆင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီခွဲတွင် အမှတ် (၂၁/၄၃) စီကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀-၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀-၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၁၉၇၈ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၄

၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ်၂၉ရက် ည၆နာရီတွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနားတွင် ကျောင်းသားဟောင်းများ၏ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သော သားသမီးများကိုပါ ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဦးမြထူး၊ ဦးကျော်ထူး ဖုန်း-၅၅၈၄၆၁၊ ဦးအေးကိုကို၊ ဦးနေဝင်း ဖုန်း-၅၄၈၄၁၄၊ ဦးအောင်မြ ဖုန်း- ၀၉-၅၁-၀၆၆၃၁၊ ဦးအောင်ကြိုင် ဖုန်း- ၀၉-၅၀-၀၂၉၇၄၊ ဦးဇေမျိုးလှိုင် ၀၉-၈၀-၃၂၄၅၈၊ ဦးဟန်ငြိမ်း ဖုန်း-၂၀၂၈၀၂၊ ဦးအောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ ဦးအောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ ဦးသောင်းလွင် ဖုန်း-၀၅၂-၂၁၄၆၊ ဦးမြင့် ဖုန်း-၂၂၂၆၁၃၊ ဦးစည်အောင် ဖုန်း-၀၉-၅၀-၁၉၁၄၀ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပဲခူးမြို့ သမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီး တိုးချဲ့အနောက်ဘက်စောင်းတန်း တည်ဆောက်ရန် အတွက် ဖေဖော်ဝါရီ၂၀ ရက်က တစ်ဦးတည်းအလှူရှင် ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့် မိသားစုက အလှူငွေကျပ် သိန်း၁၀၀ကို ဂေါပကအဖွဲ့ သဘာပတိ ဦးသိန်းရွှေထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

နောက်ဆုံးပေါ် အိုင်စီတီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများပြသမည့် “မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ – ၂၀၀၈”

ရန်ကုန် မတ် ၁၄

အရှိန်အဟုန်နဲ့ ပြောင်းလဲဆန်းသစ်နေတဲ့ အိုင်တီနည်းပညာရပ်တွေဟာ နေ့စဉ်နဲ့အမျှ အသစ်အသစ်တွေ ထွက်ပေါ်နေတာမို့ ဒီနေ့ခေတ်ဟာ အိုင်တီနည်းပညာ လွှမ်းမိုးတဲ့ခေတ်အဖြစ် သတ်မှတ်ထားရပြီ ဖြစ်ပါတယ်။

၉၀ က ပြခန်းပေါင်း ၁၆၂ ခန်း ပါဝင်ခင်းကျင်းပြသမှာ ဖြစ်ပါတယ်။ ဒီလိုပြသတဲ့နေရာမှာ ဆော့ဖ်ဝဲလ်ကုမ္ပဏီတွေ၊ အိုင်စီတီထုတ်ကုန်ပစ္စည်းတွေဖြန့်ချိတဲ့ကုမ္ပဏီတွေ၊ အိုင်စီတီပစ္စည်းရောင်းချတဲ့ ကုမ္ပဏီတွေ အများကြီးပါဝင်ကြမှာဖြစ်ပါတယ်” လို့ဆက်လက်ရှင်းပြပါတယ်။

‘မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ – ၂၀၀၈’ တွင် ခင်းကျင်းပြသရောင်းချမည့် နောက်ဆုံးပေါ် Toshiba Notebook ပစ္စည်းများကို ဤသို့တွေ့ရသည်။

ကြိုးစားဆောင်ရွက်

မြန်မာနိုင်ငံမှာလည်း အိုင်စီတီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာနဲ့ယှဉ်ရင် နောက်ကျမကျန်ရစ်အောင် ကြိုးစားဆောင်ရွက်တဲ့အနေနဲ့ အိုင်စီတီနည်းပညာပြပွဲကို မပြတ်တမ်း ပြုလုပ်ပေးလျက်ရှိပါတယ်။

ဒီလို အိုင်စီတီပြပွဲတစ်ခုဖြစ်တဲ့ **‘မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာပြပွဲ–၂၀၀၈’** ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းမှာရှိတဲ့ တပ်မတော်ခန်းမမှာ မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသတော့မှာဖြစ်ပါတယ်။

လက်တွေ့အသုံးပြု

ဒီပြပွဲ ခင်းကျင်းပြသမှုနဲ့ ပတ်သက်ပြီး ပြပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်ဦးနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ **“ဒီပြပွဲကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူးပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းနဲ့ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းကျင်းပတဲ့ပွဲ ဖြစ်ပါတယ်။ ဒီပြပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အိုင်စီတီဆိုင်ရာ ပစ္စည်းတွေကို တစ်နေရာတည်းမှာ ပြည်သူတွေကို ကြည့်ရှုခွင့်ရအောင်နဲ့ နောက်ဆုံးပေါ် အိုင်စီတီနည်းပညာတွေကို လက်တွေ့လေ့လာအသုံးပြုခွင့်ရအောင်လို့ ကျင်းပရခြင်း ဖြစ်ပါတယ်”** လို့ ဦးခွန်ဦးက ရှင်းပြပါတယ်။

အခွင့်အရေး

မြန်မာ့သတင်းအချက်အလက်နဲ့ နည်းပညာပြပွဲတွေ ပြုလုပ်လာတာဟာ ခုနစ်ကြိမ်လောက်ရှိပြီဖြစ်တာမို့ အိုင်စီတီနည်းပညာနဲ့ ပတ်သက်တဲ့ ထုတ်ကုန်ပစ္စည်းနဲ့ နည်းပညာတွေကို ပြည်သူတွေမပြတ်တမ်း သိရှိနိုင်တဲ့ အခွင့်အရေးလည်းရရှိခဲ့ပြီဖြစ်ပါတယ်။

အခု ပြသမယ့် ‘မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၀၈’ မှာ ပါဝင်ခင်းကျင်းပြသမှုတွေနဲ့ ပတ်သက်ပြီး မေးမြန်းရာ ဦးခွန်ဦးက **“ဒီပြပွဲမှာ အိုင်စီတီကုမ္ပဏီပေါင်း**

အမျိုးအစားသစ်

ဒါ့အပြင် ဒီပြပွဲမှာ ခင်းကျင်းပြသရာမှာပါဝင်မယ့် အိုင်စီတီထုတ်ကုန်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါ **“တိုရှီဘာ၊ ကင်နွန်၊ ဆိုနီ၊ MSI၊ ASUS၊ Creative၊ Viewsonic၊ Fujixerox၊ Ban Q၊ Roland၊ Dlink စတဲ့ အိုင်စီတီ နည်းပညာသုံးပစ္စည်းအမျိုးအစားသစ်တွေ ပါဝင်မှာဖြစ်ပါတယ်”** လို့ ဦးခွန်ဦးက ပြောပြပါတယ်။

နောက်ပြီး ဒီလိုပြပွဲ ပြုလုပ်တဲ့အတွက် အိုင်စီတီဆိုင်ရာ နောက်ဆုံးပေါ်နည်းပညာတွေ၊ နိုင်ငံတကာမှာ အသုံးပြုမှု တွင်ကျယ်ပြီး နာမည်ကြီးတဲ့ အိုင်စီတီ ထုတ်ကုန်ပစ္စည်းတွေ၊ အမျိုးအစားအသစ်တွေကို ပြည်သူတွေအနေနဲ့ ပြန့်ကျဲနေတဲ့ အိုင်စီတီဆိုင်ပေါင်းများစွာကို ရက်ပေါင်းများစွာ လိုက်ကြည့်စရာ မလိုဘဲ တစ်နေရာတည်းမှာ အကုန်ကြည့်ရှုလေ့လာနိုင်တဲ့ အခွင့် အရေးကောင်းရရှိမှာဖြစ်တယ်လို့လည်း ဦးခွန်ဦးက ရှင်းပြပါတယ်။

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

အားရစရာကောင်း

နောက်ပြီး ဒီပြပွဲမှာ ထူးခြားတာက အရင်ပြပွဲတွေတုန်းက အိုင်စီတီ ထုတ်ကုန်ပစ္စည်းအသစ်တွေ၊ နိုင်ငံတကာမှာ ဈေးကွက်ရနေတဲ့ အိုင်စီတီပစ္စည်းတွေ သိပ်မပြနိုင်ခဲ့ပေမယ့် အခုပြပွဲမှာတော့ နိုင်ငံတကာမှာ နာမည်ကြီးနေတဲ့ ထုတ်ကုန်ပစ္စည်းတွေ အများကြီးပြသမှာဖြစ်တာမို့ အားရစရာကောင်းပါတယ်လို့လည်း ဦးခွန်ဦးက ဖြည့်စွက်ပြောကြားပါတယ်။

ဒီပြပွဲမှာ နောက်ထပ်ထူးခြားတာကတော့ ပြခန်းအတွင်းမှာ အင်တာနက်ကို Wi-Fiစနစ်နဲ့ အသုံးပြုလို့ရအောင် ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်လို့ ဦးခွန်ဦးက ထပ်မံပြောကြားပါတယ်။

အထူးအစီအစဉ်

‘မြန်မာ့သတင်း အချက်အလက်နဲ့ နည်းပညာပြပွဲ–၂၀၀၈’ မှာ ပါဝင်ပြသမယ့် အိုင်စီတီ ကုမ္ပဏီတွေအနက် Lucky Bird ကုမ္ပဏီက ခင်းကျင်းပြသမယ့် အိုင်စီတီထုတ်ကုန်ပစ္စည်းတွေကို လေ့လာတဲ့အခါ Toshiba Notebookတွေကို အထူးအစီအစဉ်နဲ့ ခင်းကျင်းပြသမှာဖြစ်သလို Notebookတစ်လုံးဝယ်ရင် ကျပ်ငါးသောင်းတန်ဖိုးရှိတဲ့ Genius Tablet Penကို အခမဲ့လက်ဆောင်ပေးမှာ ဖြစ်ကြောင်း သိရပါတယ်။

ပြပွဲကာလအတွင်းမှာ ဘယ်နိုင်ငံကမဆို ဝယ်လာတဲ့ Toshiba Notebook တွေကို အခမဲ့ပြုပြင်ပေးမယ့် ဝန်ဆောင်မှုကိုလည်း Lucky Bird က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ Toshiba Notebookတွေကို ရောင်းချတဲ့အခါမှာလည်း အထူးသက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးမယ့်အကြောင်း သိရပါတယ်။ ဒါ့အပြင် နောက်ဆုံးပေါ် ကွန်ပျူတာပစ္စည်းတွေ၊ ကွန်ပျူတာစနစ်တွေအပြင် အခြား အိုင်စီတီ ထုတ်ကုန်ပစ္စည်းအမျိုးအစားပေါင်း ၅၀၀ ကျော်ကို Lucky Bird က ခင်းကျင်းပြသသွားမှာဖြစ်တဲ့အပြင် ကွန်ပျူတာတစ်စုံဝယ်ရင် စပီကာတစ်စုံ လက်ဆောင်ပေးမှာ ဖြစ်တာမို့ ဝယ်သူတွေအတွက် အခွင့်ကောင်းတစ်ခုပါပဲ။ ဒီလိုရောင်းချတဲ့အခါမှာလည်း ပုံမှန်ရောင်းချဈေးထက် ကျပ်နှစ်သောင်းလောက်လျှော့ပေးမှာမို့ ထူးခြားတဲ့ အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။

ဈေးနှုန်းသက်သာ

ဒါကြောင့် နောက်ဆုံးပေါ် အိုင်စီတီ ထုတ်ကုန်ပစ္စည်းတွေလည်း သိရှိမြင်တွေ့ရမယ့်အပြင် ဈေးနှုန်းအထူးသက်သာစွာနဲ့ ဝယ်ယူသုံးစွဲနိုင်မယ့် အခွင့်အရေးလည်းရရှိမှာမို့ ‘မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ–၂၀၀၈’ ကို အိုင်စီတီ ထုတ်ကုန်ပစ္စည်းတွေအပေါ် စိတ်ဝင်စားတဲ့ ပြည်သူတွေ သွားရောက်လေ့လာကြည့်ရှုနိုင်ကြတော့မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

“ဒီပြပွဲမှာ အိုင်စီတီ ကုမ္ပဏီပေါင်း ၉၀ က ပြ ခန်း ပေါင်း ၁၆၂ခန်း ပါဝင် ခင်းကျင်း ပြသမှာ ဖြစ်ပါတယ်”

ဦးခွန်ဦး (ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ)

‘မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ–၂၀၀၈’တွင် ပြသမည့် အိုင်စီတီထုတ်ကုန်ပစ္စည်းများကို ဤသို့ တွေ့ရသည်။

အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းနေ ဦးမောင်မောင်အေး (ညွှန်ကြားရေးမှူး၊ ငြိမ်း)–ဒေါ်ခင်သန်းဌေးတို့၏ နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်လက်ခံယူစဉ်။ (က–ပ)

ကုန်သည်/ စက်မှုအသင်းချုပ် စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် UMFCCI ၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၆ရက် မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အသင်းသားများ၊ ပြည်နယ်နှင့်တိုင်းများရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက် အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြရန် အသင်းချုပ်က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပုလုတရားရိပ်သာ ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၄

ပဲခူးမြို့ ကျိုက်ပွန်စေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တောင်ပုလုတရားရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဣန္ဒစက္က (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မထေရ်မြတ်သည် တောင်ပုလုဆရာတော်ကြီး၏ ဥပနိဿယကျင့်စဉ်အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတရားတော်များကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်လိုသော ယောဂီများသည် ပဲခူးမြို့ ဥသာမြို့သစ် ကျိုက်ပွန်စေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် တရားရိပ်သာ အကျိုးဆောင်အဖွဲ့ တောင်ပုလုတရားရိပ်သာ ဖုန်း–၀၅၂–၃၀၁၀၀သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၆) ထွက်ပြီ

ရန်ကုန် မတ် ၁၄

ကျေးလက်ပြည်သူ တောင်သူဦးကြီးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့်သုတ၊ ရသ၊ ဗဟုသုတ အဖြာဖြာဖော်ပြပေးနေသောဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၆)ကို မတ် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဂျာနယ်တွင် ဝင်ငွေလည်းရ သုခချမ်းသာလည်းပေးမည့် ရှားစောင်းလက်ပပ်၊ ဇီဝနည်းပညာဖြင့် ပြုပြင်ထားသော သီးနှံများ စိုက်ပျိုးခြင်း၊ ဝင်ငွေတိုးရန် ရေအာလူး စိုက်ပျိုးပါ၊ အုန်းတစ်ပင် လယ်တစ်ပွဲ၊ ဒါဖတ်ပြီးမှ ပိုးသတ်ဆေးသုံးပါ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အိုင်တူးနဲ့ရေဦး၊ တစ်နိုင်မွေးမြူ တို့ဝိုင်းကူ စသည့် မွေးမြူရေးဆောင်းပါးများ၊ အကြောထုံကျဉ်ကိုက် ဆီးအိမ်ရောင်ရောဂါ၊ အမြင်မလှပေမယ့် ချိုမြပါသည် စသည့် ကျန်းမာရေးဆောင်းပါးများ၊ အလှ ကိုယ်စီဆောင်သည်ချည်းပင်၊ ပညာပြည့်ဝ နှလုံးလှ၊ နှပျိုတက်ကြွသော စာကြည့်တိုက် ပညာသင်တန်း၊ မြန်မာ့လယ်ယာမြေနှင့် မြွေဆိုးအန္တရာယ်၊ ဒါးပိန်ကျေးရွာ၏ ပန်းပုလုပ်ငန်း စသည့် အသိပညာပေးဆောင်းပါးများအပြင် ဟာသ၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ငွေကျပ် ၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၀နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်၌ နွေစပါးစိုက်ပျိုး

သီပေါ မတ် ၇

၂၀၀၇-၂၀၀၈ခုနှစ် နွေစပါးစိုက်ပျိုးပွဲကို သီပေါမြို့နယ် မန်ပဲကျေးရွာအုပ်စု နားခဲကျေးရွာ လယ်သမားကြီး လုံးဆန်စိုင်း၏ လယ်မြေတွင် မတ်၅ရက်က ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ် တက်ရောက် ကြည့်ရှုအားပေး သည်။(အောက်ပုံ)

နွေစပါးစိုက်ပျိုးပွဲသို့ ကျောက်မဲ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဘဝင်းနှင့် ခရိုင် အဆင့်ဌာနဆိုင်ရာများ၊ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစိုင်းစိန် လင်းနှင့် အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တောင်သူ လယ် သမားများနှင့် မန်ပဲ၊ တွန်းတီး၊ နားခဲကျေးရွာများမှ ကောက်စိုက်သမ များ တက်ရောက်ကြပြီး ကောက်စိုက် ပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက်တိုင်းမှူးအား မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ တို့က နွေစပါးစိုက်ပျိုးမှု အခြေအနေ များကိုရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ကောက်စိုက်အဖွဲ့ဝင်များအား ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် အထက၌ ကျင်းပသော ပညာရေး ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၃ရက်က ကျင်းပရာ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၉၄၃၀၀၀ကို ကျောင်းအကျိုးတော် ဆောင် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှထံ လွှဲပြောင်းပေးအပ်စဉ်။ (က-ပ)

ပြင်ဦးလွင်ဆေးရုံကြီးအတွက် အောက်ဆီဂျင်စက်လှူဒါန်း

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီး တွင် ငွေကျပ် ၈၂၅၀၀၀တန်ဖိုးရှိ အောက်ဆီဂျင်စက် လှူဒါန်းပွဲ အခမ်း အနားကို ဖေဖော်ဝါရီ ၂၅ရက်က အဆိုပါဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲသို့ တပ်မတော်အုပ်ချုပ်မှု ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇာနည်ဝင်း၊ ပြင်ဦးလွင်ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်၊ ခုတင်(၃၀၀)ဆံ့ ဆေးရုံ အုပ်ကြီး ဒေါက်တာ တင်ညိုညိုလတ် နှင့် အထူးကုဆရာဝန်များ၊ ပြင်ဦးလွင် ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး များ၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ နှင့် အသင်းအမှုဆောင်များ၊ အလှူရှင် ရပ်ကွက်ကြီး ၆ အိမ်တော်လမ်း ၆၀ (က)နေ ဦးမောင်မောင်-ဒေါ်ဖူဂျီကို မိသားစုများ တက်ရောက်ကြသည်။

လက်ခံ

လှူဒါန်းပွဲတွင် အလှူရှင် ဦးမောင် မောင်က အောက်ဆီဂျင်စက် လှူဒါန်း ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားပြီး အောက်ဆီဂျင်စက် ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆေးရုံကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးမင်းလွင်က လက်ခံယူပြီး အလှူရှင်အားဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။(ဝဲပုံ) (၀၈၈)

(၇၄)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၁၄

မြန်မာ့မီးရထား လုံခြုံရေး-၃ (ငြိမ်း) လူမှုထူးချွန်ဆု(ဒုတိယဆင့်) ဦးကျော်စိန် (လုံခြုံရေးဌာနစိတ်၊ ထောက်ပံ့ဌာန)**(အပေါ်ပုံ)**သည် မတ်၅ ရက်ကဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၇၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ ကြောင်း သိရသည်။ **(က-ပ)**

ရန်ကင်းမြို့နယ် တိုက်လေးလုံး၊ အခန်း ၈၊ အမှတ်၂၃၉နေ ဦးဝေဇင်ဦး- ဒေါ်ဆုဆုကျော်၊ သမီး မသီရိ မြတ်ဆုသွယ် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေး ပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေး ရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ် ရေးမှူးဦးပြုံး လက်ခံယူစဉ်။(က-ပ)

ပဲခူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဖောက်လုပ်ပြီးစီးသော အရှည် နှစ်မိုင်လေးဖာလုံ၊ အကျယ် ပေ၃၀ရှိ ကျိုက်ပေါ-မဲဇလီမြောင်-မရမ်းကြော ကျေးရွာချင်းဆက် မြေသားလမ်းအား ဇန်နဝါရီ၂၀ရက်က ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေး ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြ စဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း နမ့်ခမ်း-နမ့်ဟူမ် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံ၌ မြို့သန့်ရှင်းရေး ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်များ သိမ်းဆည်းမှုနှင့် စွန့်ပစ်မှု စနစ်တကျ ရှိစေရေးအတွက်ဖေဖော်ဝါရီ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့လက်ထောက် ညွှန်ကြားရေးမှူးဦးအောင်ဌေးကြွယ်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

ညောင်တုန်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ကျေးလက်ဒေသ များတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော ထိပ်ဝကြီး ကျေးရွာအုပ်စု အေးရွာရှိ လက်နှိပ် ရေတုံကင်တွင်းကို အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ထိပ်ဝကြီးကျေးရွာ အုပ်စု ဥက္ကဋ္ဌတို့က မတ် ၃ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၂)

ရွှေတောင်မြို့နယ် စည်ပင်သာယာဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၂ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့်အဖွဲ့ဝင်များက တက်ရောက် အားပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

15-3 (15).pmd 1 3/15/2008, 2:09 AM

ထူးချွန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြု

ကျောက်ပန်းတောင်း မတ် ၂

မန္တလေးတိုင်း ကျောက်ပန်းတောင်း မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၈)၌ ထူးချွန်စွာ အောင်မြင်ခဲ့သော အဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌဗိုလ်ကြီးဘမြင့် (ငြိမ်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တပ်ကြပ်ကြီးဘမို (ငြိမ်း)က ဆောင်ရွက်ပြီး အခမ်းအနားသို့ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်သားလှသောင်း (ငြိမ်း) အား ဥက္ကဋ္ဌဗိုလ်ကြီးဘမြင့် (ငြိမ်း)က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။**(ဝဲပုံ)**

(က-ပ)

မြင်းခြံမြို့ အမက(၆) ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ သူငယ်တန်း၌ ပထမဆုရ ကျောင်းသူမဆုမြတ်မွန်အား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (ဝ၈၇)

မြို့နယ်သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပျော်ဘွယ် မတ် ၃

ပျော်ဘွယ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်အရ ဇာတ်တိုက်လေ့ကျင့်မှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်မျိုးမျိုးသန်း၊ ဈေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။

ထို့နောက် ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝ၈၅)**

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်(၇) (ခဲအင်းအပိုင်း) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဆောင်ရွက်

သီပေါ မတ် ၁၂

မီးဘေး ကြိုတင်ကာကွယ်ရေး အစီအစဉ်အရ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး(ဈေး) ဦးဝင်းကျော်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၅ ရက်က မြို့မဈေးကြီး အတွင်းရှိ ဆိုင်များ မီးဖိုသုံးစွဲမှုနှင့် မီးကြွင်းမီးကျန်များ စနစ်တကျ ငြိမ်းသတ်ထားရှိရေးအတွက် ပညာပေးမှုများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

(အောက်ပုံ) (ဝ၂ဝ)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေ ကျပ်၄၈၉၂၀၀၀ ဖြင့် ဆောင်ရွက်သော ၆ရပ်ကွက် (၁)လမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော် တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၇-၃-၂၀၀၈ (တနင်္လာနေ့)

- ❑ Causes of Instability and Policy Management
  - – တတိယနှစ် စီးပွားရေးပညာ အထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Application of Demand and Supply Analysis
  - – တတိယနှစ် စီးပွားရေးပညာ ပြည်သူ့ရေးရာ၊ စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ

၁၈-၃-၂၀၀၈ (အင်္ဂါနေ့)

- ❑ Business Organization
  - – ပထမနှစ် စီးပွားရေးပညာ၊ စီးပွားစီမံ အထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Theory of Consumer Behaviour
  - – ဒုတိယနှစ် စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

၁၉-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

- ❑ Religious Policy of Mindon Min
  - – တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Jurisprudence
  - – ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၀-၃-၂၀၀၈ (ကြာသပတေးနေ့)

- ❑ Experimental Study of Human Learning
  - – ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ "အဲချင်းကဗျာစုလာ ညည်းချင်း" ကဗျာစုမှ မြန်မာ့သဘာဝအလှများ
  - – ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၂-၃-၂၀၀၈ (စနေနေ့)

- ❑ Transistor as a Switch
  - – ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Electrical Power Transmission
  - – ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Doppler's Effect
  - – ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Household Circuits and Electrical Safety
  - – ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Rotational Work, Power and Kinetic Energy
  - – ပထမနှစ် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Thermodynamics
  - – ပထမနှစ် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Electrical Devices
  - – ပထမနှစ် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Geometrical Optics
  - – ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Applications of Diodes and LDRs
  - – ပထမနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Echo Location
  - – ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ A Day's Wait
  - – ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၂၃-၃-၂၀၀၈ (တနင်္ဂနွေနေ့)

- ❑ Chemical Basic of Heredity (Nucleic Acids)
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Plant Morphology
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Medicinal Plants II Industrial Plants
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Anatomy of Dicot & Monocot Stems
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Study of Taxonomic Description
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Dispersal of Plants
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Classification of Horticultural Plants
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Asexual Propagation
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Horticulture
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ FUNGI
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Durgs Obtained From Angiosperms
  - – တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၆၃၃၈ Heno TE/11 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် မှတ်ပုံတင်အမှတ် ၈/မဘန(နိုင်) ၀၀၇၀၉၄ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။**ကညန ၊ခရိုင်ရုံး(မင်းဘူး)။**

အမြန်ဆက်သွယ်ပါ

အဖေ ဦးသိန်းလွင် ၇/ပခန(နိုင်)၀၆၅၈၆၃ ရောက်ရာအရပ်မှ သားသမီးများနှင့် အမြန်ဆုံး ဆက်သွယ်ပါရန်။

သားသမီးများ
မသန္တာအောင်၊
မောင်စိုင်းအောင်ခိုင်၊ မဖွန်၊
မချစ်ချစ်စံ၊ မဝင်းဝင်း၊
အမှတ်(၇၈)
တပ်ကုန်းတောင်၊ မြစ်ကြီးနားမြို့၊
ဖုန်း-၀၇၄-၂၂၂၈၂။

အမည်ပြောင်း

အဖဦးမြတ်သူ၏သား ညောင်လေးပင်မြို့ အလကကျောင်း တတိယတန်း(က)မှ မောင်ရဲမင်းမြတ်အောင်အား မောင်ရဲသွင်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲသွင်အောင်။



A.ဆတ္တားနှင့်သားများ

အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် အပျက်အလောင်းများ ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၉၉-၇၂၁၃၅
၀၉-၅၀-၂၆၄၅၇။

မီးသတိပြု







အယူခံမှုကိုကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို
အယူခံတရားပြိုင်များထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့
၂၀၀၈ခုနှစ် တရားမပထမအယူခံမှုအမှတ်-၄

ဒေါ်နှင်းဆီဖြာ **နှင့်** ၁။ ဒေါ်အေးအေးယဉ်
၂။ ဦးဘိုကြီး

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၃ ရက်စွဲပါ မော်လမြိုင် ခရိုင်တရားရုံး၏ တရားမကြီးမှု အမှတ်-၉၅/၂၀၀၆၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ မွန်ပြည်နယ် သထုံမြို့နယ်ကြာပန်းရပ် ခရစ်ယာန်ကုန်း (ယခင်လိပ်စာ) (ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင် အမှတ်(၁) ဒေါ်အေးအေးယဉ်နှင့် အယူခံတရားပြိုင်အမှတ်(၂) ဦးဘိုကြီးတို့သိစေရမည်။

ဤအမှုတွင် မော်လမြိုင်ခရိုင် တရားရုံး၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးအောင်တင်သန်းက တင်သွင်း၍ ဤရုံးမှ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၈ ခုနှစ် မတ် ၃၁ ရက် (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) နံနက် ၁၀နာရီတွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ကိုယ်စားသင်တို့၏ တရားရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ်သင်တို့အတွက် ဆောင်ရွက်ရန် တရားဥပဒေအရအာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ၊ ဤရုံးသို့မလာရောက်ခဲ့သော် သင်တို့၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်ဝင်း
ပြည်နယ်တရားသူကြီး
မွန်ပြည်နယ်တရားရုံး၊ မော်လမြိုင်မြို့။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဘီ) မြေကွက်အမှတ် (၄၃၈။၊၄၃၈၂) / အေ မြေအကျယ်အဝန်း ၀ ဒသမ ၁၉၅ ဧကရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုလာသူ ဦးတင်မြင့် ၁၂/တမန(နိုင်)၀၇၄၁၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူကျော်သိန်း(ခ)ဒေါ်မေကျော်သိန်း(LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၃၁၃)
အမှတ်(၄၁၃)၊ဝေဇယန္တာလမ်း
၈/တောင်ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်
ဖုန်း-၀၉-၅၀-၃၂၄၆၀၊ ၀၁-၅၆၆၇၀၆။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-(၁၉/၀၇)

မန်နေဂျာ **နှင့်** ဦးမြင့်အောင် ပါ(၂)
မြန်မာ့စီးပွားရေးဘဏ် အမှတ်(၃)ရပ်ကွက်
သာစည်မြို့။ သာစည်မြို့။

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ်တရားမကြီးမှုအမှတ် ၈၅တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဧပြီ ၇ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

သာစည်မြို့ အမှတ်(၃)ရပ်ကွက် ကွင်းအမှတ်(၁၄/ခ)၊ ဘူတာရပ်၊ ဦးပိုင်အမှတ်(၄၂/ထ)၊ မြေကွက်အမှတ်(၁၄၅/၂၅၈)၊ ဧရိယာ၀ဒသမ၀၅၀ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇ x ၂၄)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေတစ်ထပ်တိုက်တွဲလျက် (၉x၂၇)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းစက်ရုံ၊ (၆ x ၃ x ၃)ပေ အုတ်ရေကန်၊ အုတ်ဝင်းထရံနှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၅၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းနိုင်(တ/၂၅၁၇)
တွဲဖက်မြို့နယ်တရားသူကြီး၊ သာစည်မြို့နယ်တရားရုံး။

အယူခံမှုကိုကြားနာစစ်ဆေးရန်ချိန်းဆိုသည့်နေ့ရက်ကို
အယူခံတရားပြိုင်များထံသို့

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့် ပုဒ်မ ၁၁၅)
တရားရုံးချုပ်၊ ရန်ကုန်မြို့
၂၀၀၈ ခုနှစ် တရားမ ပထမအယူခံမှုအမှတ်-၄၁

ဦးမျိုးသက် **နှင့်** ဒေါ်စန္ဒာလွင် ပါ-၃

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၇ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၇၁၆/၂၀၀၆၏ ဒီကရီမှ အယူခံမှုလျှောက်လွှာနှင့် ပတ်သက်၍၁။ဒေါ်စန္ဒာလွင်တိုက်အမှတ်(၃၃)၊အခန်း(၃၀၅)၊တတိယထပ်၊ လှိုင်ဘူတာရုံလမ်း၊(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း၊
၂။ ဦးမင်းမင်းထွဋ် တိုက်အမှတ်(၆)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင်များသိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီကရီမှ အယူခံလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးတင်မောင်သိန်းကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံမှု လျှောက်လွှာကို ၂၀၀၈ခုနှစ် မတ်၃၁ရက် နံနက်၁၀နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ ခုနှစ် မတ် ၁၁ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ-၃၊ ဌာနစု-၄၊
တရားရုံးချုပ်၊ ရန်ကုန်မြို့။

အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည် ဒေါ်အေးအေးမြင့်နှင့် ဒေါ်ခင်သန်းတင့်တို့သည် အမှတ်(၁၆)၊ ၉၁ ဖြတ်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ အန္တရာယ်ရှိ အဆောက်အအုံတွင် မူလနေထိုင်သူ(အိမ်ငှား)အဖြစ် မြို့တော်စည်ပင်သာယာရေးကော်မတီမှ အခန်းပြန်လည်နေရာချထားပေးရန် အသိအမှတ်ပြုခံထားရသည့်ပြင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ တရားမပထမအယူခံမှုအမှတ်-၂/၂၀၀၅ အမိန့်အရလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး တရားမဇာရီမှုအမှတ်-၇/၂၀၀၅တွင် အိမ်ရှင်ဒေါ်အေး(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဘေဘီစန်း)ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ၂၅-၈-၂၀၀၅ ရက်စွဲပါ ခံဝန်ချုပ်အရလည်းကောင်း၊ အသစ်ပြန်လည်ဆောက်လုပ်မည့်အဆောက်အအုံသစ်တွင် အခန်းတစ်ခန်းပြန်လည်ရပိုင်ခွင့်ရှိသည့်အလျောက် ၎င်းတို့အားချန်လှပ်၍ ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်း၊ အဆောက်အအုံဆောက်လုပ်ရန် ပျက်ကွက်ခြင်းတို့ဖြစ်ပေါ်ပါက ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဟန် B.A (Law), LL.B **ဒေါ်ခင်ခင်မော်(LL.B)**
တရားရုံးချုပ်ရှေ့နေ **အထက်တန်းရှေ့နေ**
ရုံး-အမှတ်၉/၁၁၊ အခန်း၃၀၆၊ စတုတ္ထလွှာ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၈၂၄၄၊ လိုင်းခွဲ-၃၀၆။

ရခိုင်ပြည်နယ် အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဈေးပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးမိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လှူဒါန်း

စက်မှုတက္ကသိုလ် မြို့ပြ (၁၉၈၇-၁၉၉၁) ခုနှစ် ကျောင်းဆင်း ကျောင်းသား ကျောင်းသူ ဟောင်း များ ၏ တတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ကမာရွတ် မြို့နယ် တက္ကသိုလ်များမွေ့ာရုံ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူ ဟောင်း များ က အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့အား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက်၉နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိလာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ တွေ့ဆုံဆွေးနွေး

နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့သည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အောက်ပုံ)** *စာမျက်နှာ ၈ ကော်လံ ၁* ●